သမဏာနဉ္စ ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ၊ ရဟန်းတော်များကို ဖူးမြော်ရခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ်၊ ဩဂုတ် ၈ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၃၁၀)

ဥပုသ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့–

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ သီတင်းသီလဆောက်တည်ကြသည့် ဥပုသ်နေ့ ဖြစ်ပါသည်။ သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေး နှိုးဆော်အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညို

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် အဆိုပါစာသင်တိုက်ကြီး၏ ပြည်လုံးချမ်းသာမဟာသိမ်တော်ကြီး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းသည်။ ***ကျောဖုံးသို့***

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက်)

ဆည်ရေကို အကျိုးရှိရှိ အသုံးပြု သီးနှံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုး

မန္တလေးတိုင်း မြင်းခြံခရိုင်သည် တစ်ချိန်က မိုးခေါင်ရေရှား ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်ခဲ့သည်။ ဒေသခံတောင်သူလယ်သမားများအနေဖြင့် မိုးရေကိုသာ မျှော်ကိုးပြီး စိုက်ပျိုးလုပ်ကိုင်ခဲ့ကြရသည်။

ထို့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပူပြင်းခြောက်သွေ့သည့် အညာဒေသစိမ်းလန်းစိုပြည်ပြီး ရာသီဥတုများ မှန်ကန်လာစေရန် မြင်းခြံခရိုင်အပါအဝင် အညာဒေသ၁၃ခရိုင် စိမ်းလန်းစိုပြည်ရေးစီမံချက်ကို အကောင်အထည်ဖော်ရန် လမ်းညွှန်ခဲ့ရာ ယနေ့ကာလတွင် အညာဒေသ စိမ်းလန်းစိုပြည်ရေးစီမံကိန်း၏ ရလဒ်ကောင်းများ ရုပ်လုံးပေါ်နေပြီဖြစ်သည်။ ဒေသခံပြည်သူများ၏ ပူးပေါင်းမှုအားကိုရယူပြီး စီမံကိန်းများ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူ တည်ဆောက်ခဲ့သည့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး တောင်ရေချောင်းပေါ်၌ ဆောက်လုပ်ပြီးစီးသွားသော တောင်ရေ ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၈ရက်နေ့ နံနက်ပိုင်းတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက်အမှာစကားပြောကြားပြီး မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌–

"ဆည်ရေသောက် ဧရိယာအားလုံးကို လုံလောက်စွာ ရေပေးဝေနိုင်မှုမရှိဘဲ အကန့်အသတ်နှင့်သာ ရေပေးဝေခဲ့ရသဖြင့် ကြက်မောက်တောင် ရေလှောင်တမံထဲသို့ ရေပိုမိုဝင်ရောက်ရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ ကွင်းဆင်းလေ့လာပြီး နည်းလမ်းများ ရှာကြရာ တောင်ရေချောင်းပေါ်၌ ရေလှောင်တမံတစ်ခုနှင့် ကျောက်တံခါးချောင်းပေါ်၌ ရေလှောင်တမံတစ်ခု စုစုပေါင်းအကူရေလှောင်တမံ နှစ်ခုကို တည်ဆောက်ပြီး ဆက်သွယ်ရေးတူးမြောင်းစနစ်မှတစ်ဆင့် ကြက်မောက်တောင် ရေလှောင်တမံထဲသို့ ရေကူပေးနိုင်မည့်ဖြစ်နိုင်ခြေကို တွေ့ရှိခဲ့ကြောင်း၊ အဆိုပါ စူးစမ်းတွေ့ရှိချက်များအရ တောင်ရေချောင်း ရေလှောင်တမံနှင့် ကျောက်တံခါးရေလှောင်တမံတို့ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း"

ပြောကြားခဲ့သည်။

တောင်ရေ ရေလှောင်တမံသည် မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့နယ် တည်ပင်တဲကျေးရွာအနီး၌ တည်ရှိပြီး ၁၉၆၆ခုနှစ်က တည်ဆောက်ခဲ့သည့် ကြက်မောက်တောင် ရေလှောင်တမံကို ရေကူပေးရန် တည်ဆောက်ပေးသော ရေလှောင်တမံဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းအတွင်း၌ ၁၉၈၈ ခုနှစ်မှစ၍ တည်ဆောက်ခဲ့သည့် ဆည်တမံပေါင်းသည် တောင်ရေ ရေလှောင်တမံအပါအဝင် ရေလှောင်တမံစုစုပေါင်း ၄၁ခုရှိပြီး ဆည်ရေသောက်ဧရိယာဧက ၃၃၃၀၀၀ကျော်ရှိလာခဲ့ပြီ ဖြစ်သည်။

မြင်းခြံခရိုင် တစ်ခုတည်းမှာပင် တည်ဆောက်ပြီးသည့် ရေလှောင်တမံများအနေဖြင့် မြင်းခြံမြို့နယ်၌ စွန်းလွန်း ရေလှောင်တမံ၊ တောင်ပင်လယ်နှင့် မြောက်ပင်လယ်ရေလှောင်တမံ၊ တောင်သာမြို့နယ်၌ ကျောက်တလုံးရေလှောင်တမံ၊ ဆင်တဲ(သမက္ကူ)ရေလှောင်တမံ၊ စွန်ကန်ရေကာတာ၊ တောင်သာရေလှောင်တမံ၊ ဝဲလောင်ရေလှောင်တမံနှင့် ကျောက်တလုံးရေကူရေလှောင်တမံ၊ နွားထိုးကြီးမြို့နယ်၌ ဇီးတောရေလှောင်တမံ၊ ငါန်းဇွန်မြို့နယ်၌ မြို့သာ ရေလှောင်တမံ၊ ဖောင်းကတော ရေလှောင်တမံနှင့် နတ်သားတော ရေလှောင်တမံ၊ ကျောက်ပန်းတောင်းမြို့နယ်၌ ပင်းချောင်းရေလှောင်တမံနှင့် တောင်ရေ ရေကူပေးရေလှောင်တမံတို့ဖြစ်သည်။ ယင်းရေလှောင်တမံ ၁၅ ခုမှ ဆည်ရေသောက် စုစုပေါင်းဧရိယာ ၃၈၃၀၃ ဧကအတွက် ဆည်ရေပေးဝေလျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားများအနေဖြင့် ဆည်ရေကို အကျိုးရှိရှိ အသုံးပြုပြီး သီးနှံအထွက်တိုးရေး ကြိုးပမ်းစိုက်ပျိုးသွားကြရန်နှင့် မြင်းခြံခရိုင်ဒေသခံ ပြည်သူများကလည်း တောင်ရေ ရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၈-၈-၂၀၀၄

(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပါဒ်နှင့် ကမ္မဘဝရှင်းတမ်း"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Consignment Account (ဒုတိယနှစ်–စီးပွား/စီမံ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ မိုးလေဝသသတင်း
၆:၂၅ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၁။ မြန်မာ့ရှုခင်း
၆:၄၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း–၁၄)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၁၉။ ၂၀၀၄–၂၀၀၅ ခုနှစ် ဘောလုံးရာသီဖွင့်ပွဲ **"မန်ချက်စတာယူနိုက်တက်နှင့် အာဆင်နယ်"**

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ဒုတိယဝန်ကြီးဦးမောင်အောင် ဌာနဆိုင်ရာလုပ်ငန်းများစစ်ဆေး ဝန်ထမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများလိုက်နာရေး မှာကြား

ရန်ကုန် ဩဂုတ် ၇

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်အောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ်၂ရက်က မကွေးမြို့သို့ရောက်ရှိပြီး ဌာနဆိုင်ရာလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တိုင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် တိုင်း၊ ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာ လိုက်နာရေး မှာကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဩဂုတ်၃ရက်တွင် နတ်မောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိပြီး ဌာနဆိုင်ရာ လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဩဂုတ် ၄ ရက်တွင် ရေနံချောင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ ရောက်ရှိကာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားပြီး လုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဩဂုတ် ၅ ရက်တွင် ပြည်မြို့သို့ ရောက်ရှိပြီး ပဲခူးတိုင်း(အနောက်ပိုင်း)ဦးစီးဌာနမှူးရုံးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် ပြည်–ပန်းတောင်း–တောင်ကုတ်လမ်းပေါ်ရှိ ဥသျှစ်ပင် မ–က–ဖ ကင်းစခန်းကို လည်းကောင်း၊ သာယာဝတီခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးကိုလည်းကောင်း ဝင်ရောက်စစ်ဆေးကာဝန်ထမ်းများအား လိုအပ်သည်များ မှာကြားပြီး ပြန်လည်ထွက်ခွာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရှေးဟောင်းဗုဒ္ဓဆင်းတုတော်နှစ်ဆူကိုထပ်ဆင့်လွှဲပြောင်းလှူဒါန်း
အများပြည်သူဖူးမြော်နိုင်ရန်နှင့် သမိုင်းစဉ်ဆက်မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိထံသို့ အလှူရှင်များလှူဒါန်းထားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ထပ်ဆင့်လွှဲပြောင်းပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ လွှဲပြောင်းပေးအပ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိမိထံသို့ အလှူရှင်များလှူဒါန်းထားသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူအား ယဉ်ကျေးမှု ဝန်ကြီးဌာနသို့ ထပ်ဆင့်လွှဲပြောင်း ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်နှစ်ဆူကို အမျိုးသားပြတိုက်၌ ကိန်းဝပ်စံပယ်အပူဇော်ခံနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ ထပ်ဆင့်လွှဲပြောင်းပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ယဉ်ကျေးမှုဝန်ကြီး ဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဗုဒ္ဓရုပ်ပွားဆင်းတုတော်များ လွှဲပြောင်း ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် တန်ဖိုးကြီးမားသော ရှေးဟောင်းယဉ်ကျေးမှု သာသနိကပစ္စည်းများဖြစ်သည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အလှူရှင်များက မွန်မြတ်သော စေတနာဖြင့် နိုင်ငံတော်သို့ လှူဒါန်းသည့်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်ထံ ယခုလ ၄ ရက်က လှူဒါန်းခဲ့ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ယင်း ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို အမျိုးသားပြတိုက်၌ အများပြည်သူ ကြည်ညိုဖူးမြော်နိုင်ရန် နိုင်ငံတော်ကို ကိုယ်စားပြုပြီး ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ အမျိုးသားပြတိုက် စတုတ္ထထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များပြခန်း၌ ကိန်းဝပ် စံပယ် အပူဇော်ခံယူတော်မူလျက်ရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတု တော်နှင့် ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော် ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ထိန်းသိမ်းစောင့်ရှောက်

အလှူရှင်များဖြစ်သည့် ကွယ်လွန်သူ ဦးအောင်သန်းမြင့်နှင့် ဇနီး ဒေါ်သိန်းသိန်းတို့ လက်ဝယ်တွင် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကပင် ယင်းရှေးဟောင်း ရုပ်ပွားဆင်းတုတော်များရှိနေခဲ့ပြီး မသမာသူများလက်ဝယ်မှ တစ်ဆင့် တိုင်းတစ်ပါးသို့ ရောက်ရှိမသွားစေရအောင် ထိန်းသိမ်းစောင့်ရှောက် ကိုးကွယ်လာခဲ့ကြခြင်းဖြစ်ကြောင်း။

ယခု ခင်ပွန်းဖြစ်သူ ဦးအောင်သန်း မြင့် ကွယ်လွန်ချိန်တွင် ခင်ပွန်းဖြစ်သူ၏ ဆန္ဒအရ သမိုင်းတန်ဖိုးကြီးမားသည့် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ မသမာသူ များ လက်ဝယ်သို့ရောက်ရှိမသွားစေရအောင် မိဘများဖြစ်ကြသော ဦးမောင်လှ–ဒေါ်ချောချောတို့အား အမှူးထားလျက် ဦးအောင်သန်းမြင့်၊ ဒေါ်သိန်းသိန်း မိသားစုတို့က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လက်ဝယ်သို့ ပေးအပ်လှူဒါန်းခြင်းဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အများပြည်သူ ကြည်ညိုဖူးမြော်နိုင်စေရန်နှင့် သမိုင်းစဉ်ဆက် မပျောက်မပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်စေရန်အတွက် အမျိုးသားပြတိုက်သို့ ပြန်လည် လွှဲပြောင်းလှူဒါန်းခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

လွှဲပြောင်းပေးအပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို အမျိုးသားပြတိုက်၌ ကိန်းဝပ်စံပယ် အပူဇော် ခံနိုင်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ ထပ်ဆင့် လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တိုင်းမှူး၊ ဝန်ကြီးများသည် ရှေးဟောင်းဗုဒ္ဓရုပ်ပွားဆင်းတုတော်နှစ်ဆူကို ဖူးမြော် ကြည်ညိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ သည် အမျိုးသားပြတိုက် စတုတ္ထထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များပြခန်း၌ ကိန်းဝပ် စံပယ် အပူဇော်ခံယူတော်မူလျက်ရှိကြသော ရုပ်တော်မူ ပဉ္စလောဟာ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် ခေတ်အဆက်ဆက်မှ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို လှည့်လည် ဖူးမြော်ကြည်ညိုကြသည်။

ယနေ့ လွှဲပြောင်းလှူဒါန်းသည့် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားဆင်းတု တော်နှစ်ဆူကို အလှူရှင် ပုဂံမြို့ မင်းထီးယဉ်ရပ်ကွက် ပုန်းညက်လမ်း အမှတ် ၇၈/၇၉ နေ မိဘများဖြစ်ကြသော ဦးမောင်လှ–ဒေါ်ချောချောတို့အား အမှူးထား၍ ဦးအောင်သန်းမြင့်(ကွယ်လွန်)နှင့်ဇနီး ဒေါ်သိန်းသိန်း မိသားစုက လှူဒါန်းထားခြင်းဖြစ်ပြီး အေဒီ ၁၁ ရာစု ပုဂံခေတ်ဦးပိုင်းလက်ရာ မကိုဋ်၊လည်ဆွဲ၊ နားကင်း အဆင်တန်ဆာပါရှိသည့် လက်ယာ အဘယမုဒြာဟန်၊ လက်ဝဲ စိဝရဟတ္ထ သင်္ကန်းစကိုင်ဟန် ပဉ္စလောဟာ ဆင်းတုတော်တစ်ဆူနှင့် ကုန်းဘောင် ခေတ်လက်ရာ ပုဂံခေတ်ဟန် ထုလုပ်ထားသည့် ပဉ္စဝဂ္ဂီငါးပါးအား တရားဦး ဟောဟန် ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူတို့ဖြစ်သည်။

အပူဇော်ခံထားမည်

ယင်းရှေးဟောင်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်နှစ်ဆူကို အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် အမျိုးသားပြတိုက် စတုတ္ထထပ်ရှိ ဗုဒ္ဓရုပ်ပွားတော်များ ပြခန်း၌ ကိန်းဝပ်စံပယ် အပူဇော်ခံထားရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟိုအလုပ်အမှုဆောင် ဦးသိန်းစိန် အမျိုးသားရေးမူဝါဒနှင့်နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးဟောပြောပို့ချ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ရန်ကုန်တိုင်း လှိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ ဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း၌ ယနေ့နံနက်ပိုင်းတွင် အမျိုးသားရေးမူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအကြောင်းကို အကျယ်တဝင့် ဟောပြောပို့ချသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၄ခုနှစ်၊ ဩဂုတ်လအတွက်

(၈–၈–၂၀၀၄ ရက်)နေ့

နှင့်

(၂၉–၈–၂၀၀၄ ရက်)နေ့

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အမေရိကန်မရိန်းရဟတ်ယာဉ်တစ်စင်း အီရတ်တောင်ပိုင်း နာဂျက်ဖ်မြို့အနီး ပစ်ချခံရ

ဘဂ္ဂဒက် ဩဂုတ် ၆

အမေရိကန် မရိန်းရဟတ်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံတောင်ပိုင်းရှိ နာဂျက်ဖ်မြို့အနီးတွင် ကြာသပတေးနေ့က ပစ်ချခံလိုက်ရကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက အတည်ပြု ပြောကြားသည်။

အမေရိကန် တပ်ဖွဲ့များနှင့် အီရတ်ခေါင်းဆောင် မော်တာဒါအယ်လ်ဆာဒါကို သစ္စာခံသော ပြောက်ကျားတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားစဉ်အတွင်း ထိုသို့ပစ်ချခံလိုက်ရခြင်းဖြစ်သည်ဟုဆိုသည်။

ရဟတ်ယာဉ်ပေါ်ပါ တပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရသည်ဟု ပြောဆိုသော်လည်း အသေးစိတ် ပြောကြားခြင်း မရှိပေ။

ပစ်ချခံရ

အဆိုပါရဟတ်ယာဉ်ပေါ်တွင် အမှတ်(၁၁) မရိန်းတပ်ဖွဲ့ဝင်များပါရှိပြီး နံနက် ၁၁ နာရီ ၄၃ မိနစ်၌ ပစ်ချခံရခြင်းဖြစ်ကြောင်း ဘဂ္ဂဒက်ရှိ အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တိုက်ပွဲဖြစ်ပွား

နာဂျက်ဖ်မြို့တွင် ဧပြီလမှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ ခုခံတိုက်ခိုက်ရေးပြောက်ကျားများ တိုက်ပွဲဖြစ်ပွားခဲ့ကြသည်။

အမ်အင်အေ၊ရိုက်တာ

အီရတ်တောင်ပိုင်း မတော်တဆမှုတွင် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

လန်ဒန် ဩဂုတ် ၆

ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး အီရတ်နိုင်ငံတောင်ပိုင်း၌ ဖြစ်ပွားသော မတော်တဆမှုတွင် သေဆုံးသွားကြောင်း ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန(အမ်အိုဒီ)က ကြာသပတေးနေ့၌ အတည်ပြု ပြောကြားသည်။

ပြောကြား

ဗြိတိသျှတပ်ဖွဲ့ဝင် ခရစ္စတိုဖာ ဂေါ်ဒွန်ရေးမင့် (၂၂)နှစ်သည် အယ်လ်အမ်မာရာ၌ ဩဂုတ် ၄ရက်တွင် မတော်တဆမှုကြောင့် သေဆုံးသွားကြောင်း၊ ရေးမင့်သည် အမှတ်(၁) တပ်ရင်း၌ တာဝန်ထမ်းဆောင်နေသူဖြစ်ကြောင်း အမ်အိုဒီက ပြောကြားသည်။

၆၁ ဦးရှိပြီ

ထိုသို့ ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသဖြင့် အီရတ်၌ သေဆုံးသော ဗြိတိသျှတပ်ဖွဲ့ဦးရေ စုစုပေါင်း ၆၁ဦး ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ရဟတ်ယာဉ်ပျက်စီး

နာဂျက်ဖ်မြို့တွင် အီရတ်ပြောက်ကျားတို့ ပစ်ချခံရမှုကြောင့် ပျက်စီးသွားသော အမေရိကန် စစ်ရဟတ်ယာဉ် တစ်စင်းကို ဩဂုတ် ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ ပိုလန်တပ်ဖွဲ့ဝင်များရှိမှု ပြည်သူအများစုက ဆန့်ကျင်ကန့်ကွက်

ဝါဆော ဩဂုတ် ၅

ပိုလန်နိုင်ငံ၌ ကြာသပတေးနေ့က လူထုသဘောထားကောက်ယူရာတွင် အီရတ်၌ ပိုလန်တပ်ဖွဲ့ဝင်များရှိခြင်းကို ပြည်သူလူထု၏ ဆန့်ကျင်ကန့်ကွက်မှုသည် ၇၃ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။

လူထုသဘောထားကို ဇူလိုင်ဒုတိယပတ်၌ အရွယ်ရောက်သူ ၉၂၀ အား ပြည်သူ့သဘောထား သုတေသနပြုရေးဌာနက ကောက်ယူခဲ့ခြင်းဖြစ်ပြီး ပိုလန်လူမျိုး ၆၇ရာခိုင်နှုန်းက တပ်ဖွဲ့ဝင် ၂၄၀၀ ချက်ချင်းရုပ်သိမ်းရန် ထောက်ခံခဲ့ကြသည်။

ပိုလန်အစိုးရသည် အီရတ်၌ အမေရိကန် ပြည်ထောင်စုက စစ်ပွဲဆင်နွှဲရာတွင် အမေရိကန် ပြည်ထောင်စု၏ အမာခံ အဖြစ်ဆုံး အပေါင်းပါ နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့သည်။

ထိုသို့ဆိုသော်လည်း ပြည်သူ့ သဘောထား အမြင်သည် အစိုးရမူဝါဒနှင့် ခြားနားခဲ့သည်။

လူထုသဘောထားကောက်ယူမှု အများစုတွင် စစ်ပွဲအား ဆန့်ကျင်သော ပြည်သူလူထုသည် ၆၀ ရာခိုင်နှုန်းနှင့် ၈၀ ရာခိုင်နှုန်းကြား ရှိခဲ့သည်။

လုပ်ငန်းတာဝန်မပြီးမချင်း တပ်ဖွဲ့များ ရုပ်သိမ်းမည်မဟုတ်ကြောင်း ပိုလန်အစိုးရက ပြောကြားသည်။ **(အင်တာနက်)**

ဩဂုတ် ၆ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၉၂၂ဦး ရှိပြီ

ဘဂ္ဂဒက် ဩဂုတ် ၇

အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ခဲ့သည်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံး၊ ဒဏ်ရာရလျက်ရှိကြသည်။

၂၀၀၄ ခုနှစ် ဩဂုတ် ၆ ရက် သောကြာနေ့အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၉၂၂ ဦးဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ကြေညာခဲ့သည်။

သေဆုံး

ယင်းအနက် ၆၈၅ဦးမှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၃၇ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု သိရသည်။ ထို့ပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၁ဦး၊ အီတလီ ၁၈ဦး၊ စပိန် ရှစ်ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ခုနစ်ဦး၊ ယူကရိန်း လေးဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လက်ဗီးယားနှင့် နယ်သာလန်တို့ တစ်ဦးစီ သေဆုံးခဲ့ကြသည်ဟု ဆိုသည်။

ပြောကြား

သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင် အရေအတွက်မှာ ၇၈၄ ဦးဖြစ်ပြီး ယင်းအနက် ၅၇၆ ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၀၈ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

အီရတ်ခုခံတိုက်ခိုက်ရေးသမားများ ဒုတိယမြောက် တူရကီနိုင်ငံသား ယာဉ်မောင်းအား သတ်ဖြတ်

အန်ကာရာ ဩဂုတ် ၆

အီရတ်ခုခံတိုက်ခိုက်ရေးသမားများသည် တူရကီထရပ်ကားယာဉ်မောင်း တစ်ဦးကို သတ်ဖြတ်လိုက်ပြီး နှစ်ဦးမှာ ပျောက်ဆုံးနေကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

အီရတ်မြောက်ပိုင်းရှိ မိုဆူးလ်မြို့ဆေးရုံ၌ ထရပ်ကားယာဉ်မောင်း အိုစမန် အလီဆန်၏ အလောင်းကို ခွဲခြားဖော်ထုတ်နိုင်ခဲ့ကြောင်း ဝန်ကြီးဌာနအရာရှိ တစ်ဦးက ပြောကြားသည်။

အလီဆန်သည် အမေရိကန်တပ်ဖွဲ့များထံ လောင်စာဆီများ ပေးပို့ခဲ့ပြီးနောက် တူရကီနယ်စပ်မှ မိုင် ၄၀ခန့်ရှိ ဖီလ်ဖေယဲလ်၌ တနင်္လာနေ့က အသတ်ခံခဲ့ရခြင်းဖြစ်ကြောင်း အင်တာဗို ရုပ်မြင်သံကြားက အစောပိုင်း၌ သတင်းထုတ်လွှင့်ခဲ့သည်။

အလီဆန်သည် အီရတ်ခုခံတိုက်ခိုက်ရေးသမားများ၏ ဒုတိယမြောက် အသတ်ခံရသော ထရပ်ကားယာဉ်မောင်းဖြစ်သည်။ နှစ်ဦးစလုံးမှာ ကြွေးမြီပေးဆပ်ရန်အတွက် အီရတ်တွင် ငွေများများရသော ယာဉ်မောင်းအလုပ်ကို လုပ်ကိုင်ခဲ့ကြသူများ ဖြစ်ကြသည်။

တူရကီ နိုင်ငံခြားကုန်သွယ်ရေးဝန်ကြီး ကာဆက်တပ်ဇ်မင်းက အီရတ်နှင့် ဆက်လက်ကုန်သွယ်သွားမည်ဖြစ်ကြောင်း၊ ယာဉ်မောင်းသမားများအား အကာအကွယ်ပေးရာတွင် လုံခြုံရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ပြန်လည် ပစ်ခတ်

ဘဂ္ဂဒက်မြို့ ဆာဒါစီးတီး အရပ်တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် တိုက်ခိုက်မှုဖြစ်ပွားစဉ် ပြန်လည်ခုခံ ပစ်ခတ်နေသော အီရတ်ပြောက်ကျားများကို ဩဂုတ် ၅ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ- အင်တာနက်)

ဗာရာဏသီမြို့ စန်စခရစ်တက္ကသိုလ်မှ ပါရဂူဒေါက်တာ (Ph.D)ဘွဲ့ရ ဒေါက်တာအရှင်ပညာဇောတအား ဂုဏာဝိသိဋ္ဌပူဇာမင်္ဂလာအခမ်းအနားသို့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ကြည်ညိုပူဇော်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ဒြေ့ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ကျင်းပသည့် စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူဆရာတော်ကြီး၏တပည့် အိန္ဒိယသမ္မတနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာ ရွှေတံဆိပ်ဘွဲ့(M.A)နှင့် ဗာရာဏသီမြို့ စန်စခရစ်တက္ကသိုလ်မှ ပါရဂူ ဒေါက်တာ(Ph.D)ဘွဲ့ရ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လက်ထောက်မော်ကွန်းထိန်း ပါမောက္ခ ဒေါက်တာ အရှင်ပညာဇောတအား ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်အခမ်းအနားသို့ တက်ရောက်ကြည်ညိုပူဇော်သည်။

တက်ရောက်ကြည်ညို

ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာသဘင် အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အောင်မြေဘုံစံဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဉာဏိဿရအမှူးပြုသော ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ရန်ကုန်မြို့တော်ဝန်၊ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပူဇော်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ အလှူရှင် လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီအဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီ(ရွှေသံလွင်) မိသားစုနှင့် ဆရာတော်၏ တပည့်ဒါယကာ ဒါယိကာမများတက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ဂုဏာဝိသိဋ္ဌ ပူဇာသဘင် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တပညိန္ဒာဘိဝံသမဟာထေရ်မြတ်ထံမှ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဒြေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂ မဟာ သဒ္ဓမ္မဇောတိက အောင်မြေဘုံစံ ဆရာတော် ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာ ဘဒ္ဒန္တ

အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ် ဟိန္ဒူ တက္ကသိုလ် မှ မဟာဝိဇ္ဇာ ရွှေတံဆိပ်ဘွဲ့(M.A) နှင့် ဗာရာဏသီ မြို့ စန်စခရစ် တက္ကသိုလ် မှ ပါရဂူ ဒေါက်တာ (Ph.D) ဘွဲ့ရ ဒေါက်တာ အရှင် ပညာဇောတအား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ဉာဏိဿရနှင့် အပူဇော်ခံ ဒေါက်တာ အရှင်ပညာဇောတတို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ရန်ကုန်မြို့တော်ဝန်တို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် အလှူရှင် လူမှုထူးချွန် (ပထမဆင့်) သီဟသုဓမ္မ မဏိဇောတဓရ သီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ ဇနီး သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီ (ရွှေသံလွင်) မိသားစုတို့က မြန်မာနိုင်ငံ၌ ကျင်းပမည့် စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီးညီလာခံ အထိမ်းအမှတ် ဗုဒ္ဓသာသနာပြု ရောင်စုံဇာတ်ကားကြီး ရိုက်ကူးထုတ်လုပ်ရန်အတွက် အလှူငွေ ကျပ်သိန်း ၅၀၀ ကို လည်းကောင်း၊ ရွှေသံလွင် ကုမ္ပဏီ လီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့်ဇနီး ဒေါ်နန်းမောက်လော့ဝ်ဆိုင်တို့က သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူငွေ ကျပ်သိန်း ၁၀၀ကိုလည်းကောင်းပေးအပ် လှူဒါန်းကြရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားမှူး ရန်ကုန်တိုင်း သာသနာရေး ဦးစီးမှူး ဦးစံသင်းလှိုင်က အပူဇော်ခံ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် လက်ထောက် မော်ကွန်းထိန်း ပါမောက္ခ ဒေါက်တာ အရှင်ပညာဇောတ (M.A ,Ph.D) ၏ ထေရုပ္ပတ္တိ အကျဉ်းကို ဖတ်ကြားပူဇော်သည်။

ထို့နောက် နိုင်ငံကျော် အဆိုတော် ဒေါ်ရီရီသန့်နှင့် ဒေါ်နှင်းရီသန့်တို့က ဂုဏပူဇာမင်္ဂလာရတု တေးထပ်တို့ဖြင့် သီဆိုပူဇော်ကြသည်။

ယင်းနောက် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ပရိသတ်တို့က ဂုဏ်ပြုဩဝါဒကထာနှင့် အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နိုင်ငံတော် ဝန် ကြီး ချုပ် ဗိုလ် ချုပ် ကြီး ခင်ညွန့် အိန္ဒိယ နိုင်ငံ ဗာရာဏသီ မြို့ ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာ ရွှေ တံဆိပ်ဘွဲ့(M.A) နှင့် ဗာရာဏသီ မြို့ စန်စခရစ် တ က္က သိုလ် မှ ပါရဂူဒေါက်တာ (Ph.D) ဘွဲ့ရ ဒေါက်တာ အရှင် ပညာဇောတအား လှူဖွယ် ပစ္စည်း များ ဆက်ကပ် လှူဒါန်းစဉ်။ (သတင်းစဉ်)

အခမ်းအနားအပြီးတွင် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မင်္ဂလာရွှေမိုးငွေမိုးရွာသွန်းဖြိုးပေးသည်။

ဒေါက်တာ အရှင်ပညာဇောတ (M.A, Ph.D) သည် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာရွာ၌ အဖ ဦးကြီးစိန် အမိဒေါ်မြတင်တို့မှ ၁၃၃၀ ပြည့်နှစ် သီတင်းကျွတ်လဆန်း ကိုးရက်(ကြာသပတေးနေ့)တွင်ဖွားမြင်ခဲ့သည့်အငယ်ဆုံးသားရတနာဖြစ်သည်။

အရှင်ပညာဇောတသည် ၁၃၄၁ ခုနှစ် ဝါဆိုလတွင်ရန်ကုန်တိုင်း မှော်ဘီမြို့နယ် မြောင်းတကာရွာ သိမ်ကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာ နုဂ္ဂဟကိုခံယူကာ ပဗ္ဗဇ္ဇအမွေ ရှင်သာမဏေအဖြစ်သို့ ရောက်ခဲ့သည်။၁၃၅၂ခုနှစ်ပြာသိုလပြည့်နေ့(၁၉၉၀ပြည့်နှစ် ဒီဇင်ဘာ၃၀ရက်) တွင် မွန်ပြည်နယ် သထုံမြို့ ရန်ကင်းလမ်း အမှတ် ၁၀ နေ ဆားလုပ်ငန်းပိုင်ရှင် ဦးထွန်းငြိမ်း-ဒေါ်စောကြည် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြုလျက် ၎င်းကျောင်းတိုက် သိလဝိသောဓနီ ခဏ္ဍသိမ်၌ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အရှင်ပညာဇောတသည် ဥပဇ္ဈာယ်ဆရာ သိမ်ကျောင်းဆရာတော်ထံ၌ အခြေခံ ပါဠိစာပေများ သင်ယူခဲ့ပြီး ပဲခူးမြို့ ကြခတ်ဝိုင်းပရိယတ္တိ စာသင်တိုက် ပဓာနနာယကဆရာတော် အမှူးပြုသော စာချ ဆရာတော်များထံ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးနှင့် ဓမ္မာစရိယတန်းဆိုင်ရာ ပါဠိစာပေများ သင်ယူခဲ့ကာ ၁၉၉၆ခုနှစ်မှစ၍ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်စသော စာချဆရာတော်များထံမှ အင်္ဂလိပ်စာ စာပေများကို စတင် လေ့လာသင်ယူခဲ့သည်။

လေ့လာဆည်းပူးပညာသင်ယူ

အရှင်ပညာဇောတသည် သီတဂူ ဆရာတော်ကြီး၏ ပညာသင်စရိတ် အထောက်အပံ့ဖြင့် အိန္ဒိယသမ္မတနိုင်ငံ ဗာရာဏသီမြို့ ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ်၊ စန်စခရစ်တက္ကသိုလ် တို့သို့ ပညာတော်သင်စေလွှတ်ခံရကာ ၎င်းတက္ကသိုလ်တို့၌ လောကီဆိုင်ရာ M.A မဟာဝိဇ္ဇာနှင့် Ph.D ဒေါက်တာဘွဲ့များ ရရှိသည်အထိ ၁၉၉၈ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ လေ့လာဆည်းပူးပညာသင်ယူခဲ့သည်။

အရှင်ပညာဇောတသည် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက်၌ သီတင်းသုံးစဉ်ကာလ ပထမပြန်စာမေးပွဲကြီးကြပ်ရေးအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ စာချဘုန်းကြီးအဖြစ်လည်းကောင်း ငါးနှစ်တိုင်တိုင် စာသင်တိုက်၏ တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိဆရာတော်ကြီး၏ နည်းပြသွန်သင်မှုတို့ကို ခံယူကာ လက်ထောက် မော်ကွန်းထိန်း ပါမောက္ခအဖြစ် အင်္ဂလိပ်စာ စာပေများကို ပို့ချပေးရင်း သာသနာ့တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

အရှင်ပညာဇောတသည် အိန္ဒိယသမ္မတနိုင်ငံဗာရာဏသီမြို့ဘနားရပ်စ် ဟိန္ဒူတက္ကသိုလ်မှ မဟာဝိဇ္ဇာ (M.A) တန်းတွင် နှစ်နှစ်ဆက်တိုက် အမှတ်အများဆုံး ပထမရရှိကာ ဘာသာစုံဂုဏ်ထူးဖြင့် အောင်မြင်တော်မူသဖြင့် တက္ကသိုလ်က ချီးမြှင့်သော ရွှေတံဆိပ်ဆုကို ဆွတ်ခူးပြီး စန်စခရစ်တက္ကသိုလ်မှ Ph.Dဒေါက်တာဘွဲ့ကိုလည်း ရရှိတော်မူခဲ့သဖြင့် ယခုကဲ့သို့ ရွှေသံလွင်မိသားစု၏ မတည်ဦးဆောင်မှုဖြင့် ရဟန်း၊ ဒါယကာ ဒါယိကာမများက ဂုဏာဝိသိဋ္ဌပူဇာ မင်္ဂလာသဘင်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ တစ်ဂိုးစီသရေကျ အဖွဲ့ချုပ်လက်ရွေးစင်ကစားသမားများ စမ်းသပ်နိုင်ခဲ့

သတင်းဆောင်းပါး-ကိုထွေး

ရန်ကုန် ဩဂုတ် ၇

မြန်မာ-အိန္ဒိယချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်အဖြစ် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂါပြည်နယ်မှ မိုဟမ်ဘဂမ်အသင်းတို့ ယနေ့ညနေ ၄ နာရီက လှုင်ယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲ တတိယပွဲစဉ်၌ မြန်မာနိုင်ငံအဖွဲ့ချုပ် လက်ရွေးစင်အသင်းမှ တိုက်စစ်မှူးနိုင်ဝင်း၏ ထိုးဖောက်ကစားမှုကို မိုဟမ်ဘဂမ်အသင်းနောက်တန်းလူက ဟန့်တားရန်ကြိုးစားစဉ်။
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် အယ်လ်ဂျီဖလားဘောလုံးပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နောက်ဆုံး ဆန်ခါတင် လူစာရင်းဖြတ်နိုင်ရန် ပထမပွဲစဉ်၌ ပါဝင်ကစားရခြင်း မရှိသေးသူများကို ပွဲထုတ်ကစားသွားသည်။ မိုဟမ်ဘဂမ်အသင်းသည် ပထမပွဲစဉ်၌ အဖွဲ့ချုပ်လက်ရွေးစင်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသဖြင့် ယနေ့ပွဲစဉ်၌ အထူး အားထည့်ကစားသွားရာ အကြိတ်အနယ်ပွဲကြီးပွဲကောင်းဖြစ်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် ဘောလုံးပိုင်ဆိုင်မှုများပြီး အကြိမ်ကြိမ် တိုက်စစ်ဆင်ကစားနိုင်သော်လည်း အဆုံးသတ်ဂိုးသွင်းယူမှုအပိုင်းအားနည်း၍ သရေပွဲနှင့် ကျေနပ်ခဲ့ရသည်။

အချိတ်အဆက်မိ

ပွဲမစမီ မွန်းလွဲပိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းနေခဲ့သော်လည်း ပွဲစတင်ချိန်တွင် မိုးစဲသွား၍ နှစ်သင်းစလုံး စိတ်ကြိုက်အပေးအယူလုပ်ကစားနိုင်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် ပွဲစသည်နှင့် အချိတ်အဆက်မိမိနှင့် ရဲရဲတင်းတင်း ကစားနိုင်ခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်း ကွက်ပြည့်နင်းပြီး အကြိမ်ကြိမ် ထိုးဖောက်ကစားရာ မိုဟမ်ဘဂမ်အသင်း အလူးအလဲ ဖျက်ထုတ်နေရသည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်း အုပ်စုဖွဲ့ကာ အနီးပေးကစားရာ ကစားကွက်မိလှသဖြင့် ပရိသတ်များ လက်ခုပ်တီး၍ အားပေးခဲ့ကြသည်။

ဘယ်အခြမ်းအားပြု

အဖွဲ့ချုပ်လူငယ်အသင်းသည် ဘယ်အခြမ်းမှသာ အများဆုံး ထိုးဖောက်ကစားရာ မိုဟမ်ဘဂမ်အသင်းက ပိတ်ဆို့ဟန့်တားနိုင်ခဲ့သည်။ အဖွဲ့ချုပ် လက်ရွေးစင်အသင်း ကစားကွက်ဖော်နိုင်သော်လည်း ရရှိသည့်အခွင့်အရေးများကို ပီပီပြင်ပြင် အသုံးမချနိုင်ခဲ့ပေ။

ဦးဆောင်ဂိုး

အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် အကွက်စိပ်စိပ်ဖြင့် မိုဟမ်ဘဂမ်အသင်း ပယ်နယ်တီဧရိယာအတွင်း အပေးအယူလုပ်ကစားရင်း ပွဲချိန် ၃၁မိနစ်တွင် အလယ်တန်းလူ မောင်မောင်အောင်က ဘယ်ခြေဖြင့် ကန်သွင်းရာ ဂိုးသမားညာဘက်မှ ဂိုးဝင်သွား၍ ဦးဆောင်ဂိုးရရှိခဲ့သည်။ မိုဟမ်ဘဂမ်အသင်းသည် ဂိုးပေးလိုက်ရ ပြီးနောက် ချေပဂိုးရရှိရေး အားထည့်ကစားလာသည်။ မိုဟမ်ဘဂမ်အသင်းက တန်ပြန်တိုက်စစ်မှ တစ်ဆင့်အမြင့်ဘောများသုံးကာ ထိုးဖောက်ကစားခဲ့သည်။

နားလည်မှုလွဲ

မိုဟမ်ဘဂမ်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၅မိနစ်တွင် အဖွဲ့ချုပ်လက်ရွေးစင်နောက်တန်းလူအောင်ကျော်မိုး(၂)နှင့် ဂိုးသမားကျော်မင်းလှိုင်တို့ နားလည်မှုလွဲမှားရာမှ ပြန်ထွက်လာသော ဘောလုံးကို ကျောနံပါတ်(၁၇) Bimal Mondal က အသာအယာ ပိတ်သွင်းယူခဲ့သည်။ နောက်တန်းလူ အောင်ကျော်မိုး(၂)က ဘောလုံးကို ဖျက်ထုတ်ရန်ကြိုးစားစဉ် ဂိုးသမား ကျော်မင်းလှိုင်က ပြေးထွက်လာပြီး ဝင်ဖမ်းရာ လူချင်းပူးမိပြီး ဘောလုံး လျှံထွက်သွား၍ ဂိုးမပေးသင့်ဘဲ ပေးလိုက်ရခြင်းဖြစ်သည်။ အဖွဲ့ချုပ် လက်ရွေးစင်အသင်းသည် ဦးဆောင်ဂိုးရပြီး မကြာမီ ချေပဂိုး ပြန်ပေးလိုက်ရခြင်းဖြစ်သည်။

နောက်တန်းအမှား

အဖွဲ့ချုပ် လက်ရွေးစင် နောက်တန်း၌ မင်းသူ၊ အောင်ဇော်မျိုး၊မိုးကျော်သူတို့ကို အနားပေးပြီး ဟန်ဝင်းအောင်၊ ကျော်ခိုင်ဝင်းနှင့် အောင်ကျော်မိုး(၂)တို့ကို စမ်းသပ် ပွဲထုတ်ကစားခဲ့ရာ ပထမပိုင်း၌ အမှားများနေခဲ့သည်။ အထူးသဖြင့် နိုင်ငံတကာပွဲကစားဖူးခြင်း မရှိသေး၍ စိုးရိမ်စိတ်များပြီး ဘောလုံးအပေး မကြာခဏမှားနေခြင်းဖြစ်သည်။

ဒုတိယပိုင်း

ဒုတိယပိုင်း ပြန်စချိန်တွင် ဂိုးသမား ကျော်မင်းလှိုင်အစား ထွန်းထွန်းလင်းကိုလူစားလဲလိုက်သည်။ အဖွဲ့ချုပ် လက်ရွေးစင်အသင်းက မိုဟမ်ဘဂမ်အသင်းဘက်ကို တစ်ဖက်သတ်နီးပါး ဖိကစားထားနိုင်သော်လည်း တစ်ဦးချင်း ထိုးဖောက်နိုင်စွမ်း မရှိသလို တောင်ပံတိုက်စစ်လည်း အားနည်းနေသည်။ မိုဟမ်ဘဂမ်အသင်းက လျင်မြန်မှုအားနည်းသော်လည်း ဘောလုံးအထိန်းအသိမ်းနှင့် အပေးအယူလုပ်ရာတွင် အကွက်ကျကျ ကစားနိုင်သည်။

ပွဲချိန် ၅၅မိနစ်တွင် မိုဟမ်ဘဂမ် ဂိုးဧရိယာ၏ ခြောက်ကိုက်စည်းအတွင်း အနီးကပ်ကန်သွင်းခွင့်ရသော်လည်း အားဖြင့် ကြုံးကန်လိုက်၍ အပေါ်ထောင်တက်သွားရာ သေချာပေါက် တစ်ဂိုးနစ်နာခဲ့ရသည်။ တိုက်စစ်မှူး ထွန်းမင်းနိုင်ကလည်း အလားတူ အပေါ်ထောင်ကန်လိုက်ရာ ရသင့်သောဂိုးများ လက်လွတ်ဆုံးရှုံးသွားသည်။ အဖွဲ့ချုပ် လက်ရွေးစင်အသင်းက ထွန်းမင်းနိုင်အစား ဇော်ဇော်၊ ဟန်ဝင်းအောင်အစား အောင်ဇော်မျိုး၊ ကျော်ဇင်ဝင်းအစား ဇော်ထိုက်တို့ကို လူစားလဲကစားခဲ့သည်။ အဖွဲ့ချုပ်လက်ရွေးစင်အသင်း တိုက်စစ်အားကောင်းလာသော်လည်း အဆုံးသတ်ဂိုးသွင်းမှုအားနည်း၍ ဂိုးမရခဲ့ပေ။

သေချာပေါက်ဂိုး

ပွဲချိန် ၈၁မိနစ်တွင် မိုဟမ်ဘဂမ်အသင်း၏ ပယ်နယ်တီဧရိယာအစပ် ဘယ်ခြမ်း၌ အဖွဲ့ချုပ်လက်ရွေးစင်အသင်း အလွတ်တည်ကန်ဘော ရရှိခဲ့သည်။ အဆိုပါအလွတ်တည်ကန်ဘောကို မျိုးမင်းထွန်းက ဂိုးရှေ့သို့ ခါးဖြတ်ဘောကန်တင်ပေးရာ ဘိုဘိုအောင် အနီးကပ်ပိတ်သွင်းခွင့်ရသော်လည်း မပိတ်နိုင်၍ သေချာပေါက်ဂိုးတစ်ဂိုး နစ်နာခဲ့ရပြန်သည်။မိုဟမ်ဘဂမ်အသင်းနောက်တန်းမှ ဘရာဇီးလူမျိုး ကျောနံပါတ်(၂၈)Eduardo Chakom သည် အရပ်မြင့်မားပြီး လူကောင်ကြီးမားမှုကို အားပြုကာ ခပ်ကြမ်းကြမ်း ဖျက်ထုတ်ကစားမှုကြောင့် အဖွဲ့ချုပ်လူငယ်အသင်း အခက်အခဲကြုံခဲ့ရသည်။

ပွဲပြီးခါနီး ထိခိုက်ဒဏ်ရာရမှုများအတွက် အစားဖြည့်ပေးသည့် အချိန်ပို တစ်မိနစ်တွင် မိုဟမ်ဘဂမ်အသင်း သေချာပေါက်ဂိုးရနိုင်သည့် အခွင့်အရေး ရရှိခဲ့သည်။ ထောင့်ကန်ဘောမှ ဂိုးရှေ့မြောက်လာသော ဘောလုံးကို ထပ်ဆင့်ခေါင်းတိုက်ချပေးရာ တိုက်စစ်မှူးက အပိုင်ကန်သွင်းခွင့်ရသော်လည်း အဖွဲ့ချုပ်လက်ရွေးစင် နောက်တန်းလူများနှင့်ထိကာ ထွက်သွား၍ သေချာပေါက် တစ်ဂိုးနစ်နာသွားသည်။

စမ်းသပ်ပွဲထုတ်

အဖွဲ့ချုပ်လက်ရွေးစင်အသင်းသည် ယနေ့ပွဲစဉ်၌ အနိုင်အရှုံးရလဒ်ကို အဓိကမထားဘဲ အယ်လ်ဂျီဖလားပွဲအတွက် ဆန်ခါတင်လူရွေးချယ်နိုင်ရေး အားကစားသမားများကို စမ်းသပ်ပွဲထုတ်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာပွဲမကစားဖူးသေးသူများ ကစားခွင့်ရသလို အရန်ကစားသမားများကို လူနှင့်နေရာ စမ်းသပ်အသုံးပြုနိုင်ခဲ့၍ သရေကျသော်လည်း အမြတ်ရရှိခဲ့သည်။ အဖွဲ့ချုပ်လူငယ်အသင်းသည် ကြံ့ခိုင်မှု၊ သက်လုံနှင့် စိတ်ဓာတ်ရေးရာအပိုင်းတွင် အမာခံကစားသမားများရော အရန်ကစားသမားများပါ တိုးတက်မှုရှိလာသည်။ မိုဟမ်ဘဂမ်အသင်းက ပထမပွဲစဉ်၌ ရှုံးထား၍ အင်အားသုံးကာ ခပ်ကြမ်းကြမ်းကစားသော်လည်း အဖွဲ့ချုပ်လက်ရွေးစင်အသင်းက ရှောင်ကစားပြီး ကြမ်းတမ်းစွာ မတုံ့ပြန်ခဲ့သည့်အချက်မှာ စိတ်ဓာတ်ရေးရာအရ မြင့်မားလာမှုဟု ဆိုနိုင်သည်။

သူတို့ပါဝင်

အဖွဲ့ချုပ်လက်ရွေးစင်အသင်းတွင် **(ဂိုး)**ကျော်မင်းလှိုင်၊ ထွန်းထွန်းလင်း၊ **(နောက်တန်း)** ဟန်ဝင်းအောင်(အောင်ဇော်မျိုး)၊ အောင်ကျော်မိုး(၂)၊ ကျော်ခိုင်ဝင်း၊ စိုးလင်းထွန်း၊ **(အလယ်တန်း)** ကျော်ဇင်ဝင်း(ဇော်ထိုက်)၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊ မောင်မောင်အောင်၊ **(ရှေ့တန်း)** ထွန်းမင်းနိုင်(ဇော်ဇော်)နှင့် နိုင်ဝင်းတို့ ပါဝင်ကစားခဲ့ကြသည်။

ပွဲအပြီးပြောကြား

ချစ်ကြည်ရေး ခြေစမ်းဘောလုံးပြိုင်ပွဲ အပြီးတွင် နှစ်ဖက်အသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ရှေးဦးစွာ အဖွဲ့ချုပ်လက်ရွေးစင်အသင်း အုပ်ချုပ်သူဦးခင်မောင်ကြိုင်အား ပွဲအပေါ်သဘောထားအမြင်ကို မေးမြန်းရာ "အားကစားသမားများ နိုင်ငံတကာပြိုင်ပွဲ အတွေ့အကြုံရရှိရေးနှင့် ဆန်ခါတင် လူရွေးချယ်နိုင်ရေးအတွက် လူစုံကစားခွင့်ရအောင် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးသင့် မရွေးသင့် စဉ်းစားရမည့် ကစားသမားများကို ယနေ့ပွဲတွင် ထည့်သုံးခဲ့ကြောင်း၊ ပွဲအနေအထားအရ မိမိတို့အသင်း အနိုင်ရရှိသင့်ကြောင်း၊ ဦးဆောင်ဂိုး ရပြီးနောက် မမျှော်လင့်ဘဲ ချေပဂိုး ပြန်ပေးလိုက်ရကြောင်း၊ ဂိုးရသင့်သည့် အခွင့်အရေးများ ဂိုးမဝင်ခဲ့ကြောင်း၊ မိုဟမ်ဘဂမ်အသင်း သုံးပွဲကစားခဲ့သည့်အနက် ယနေ့ပွဲကစားပုံ အကောင်းဆုံး ဖြစ်ကြောင်း၊ ရလဒ်အပေါ်ပြောရလျှင် နိုင်သင့်သော်လည်း အရန်လူများနှင့် ကစားခြင်းဖြစ်၍ သရေကျသည်မှာ မျှတပါကြောင်း၊ လိုအပ်ချက်များ ရှိနေ၍ ဆက်လက်ပြင်ဆင်လေ့ကျင့်သွားရမည်ဖြစ်ကြောင်း၊ယခုလိုတစ်ဖက်အသင်းက အင်အားသုံးပြီးကစားသည့် အနေအထားကို မည်သို့ တုံ့ပြန်ကစားရမလဲဆိုသည့် အတွေ့အကြုံပင်ဖြစ်ကြောင်း၊ အရန်ကစားသမားများကို ထည့်သုံးရခြင်းမှာ အမာခံကစားသမားများ ထိခိုက်ဒဏ်ရာရရှိမှုကို ရှောင်ရှားလိုခြင်းနှင့် နိုင်ငံတကာပွဲကစားရသည့် အတွေ့အကြုံကို အားလုံးရရှိစေလို၍ ဖြစ်ပါကြောင်း" ပြောကြားသည်။

ဆက်လက်၍ နည်းပြချုပ် ဦးတင်ဟန်ကလည်း "မိမိအနေဖြင့် ထူးထူးခြားခြား ပြောစရာမရှိပါကြောင်း၊ နှစ်သင်းစလုံးကစားသွားသည်မှာ ကောင်းပါကြောင်း၊ အရန်ကစားသမားများကို စမ်းသပ်ပွဲထုတ်ခြင်းပင်ဖြစ်ကြောင်း၊ အရန် ကစားသမားများကိုလည်း အခွင့်အရေးပေးသည့် သဘောဖြစ်ကြောင်း၊ အားနည်းချက်များကို ဆက်လက်ပြုပြင်သွားရဦးမည်ဖြစ်ကြောင်း" ပြောကြားသည်။

ဝမ်းသာပျော်ရွှင်

မိုဟမ်ဘဂမ်အသင်းမှ အဖွဲ့ခေါင်းဆောင် Mr. Om Jhunjhunwala အား ပွဲအပေါ်သဘောထားအမြင်ကို မေးမြန်းရာ "ယနေ့ပွဲစဉ်၌ သရေကျသည့်အတွက် မိမိအနေဖြင့် အလွန်ဝမ်းသာပျော်ရွှင်မိပါကြောင်း၊ ပွဲပြီးခါနီးတွင် မိမိတို့အသင်း သေချာပေါက်ဂိုး တစ်ဂိုးရနိုင်သော်လည်း လွဲချော်ခဲ့ကြောင်း၊ ထိုဂိုးဝင်လျှင် အနိုင်ရမည်ဖြစ်ကြောင်း၊ မြန်မာအသင်း ကစားပုံကောင်းပါကြောင်း၊ မိမိတို့အသင်းလည်း ယနေ့ပွဲတွင် အကောင်းဆုံးကစားနိုင်ခဲ့ကြောင်း၊ နောင်နှစ်များ၌လည်း မိမိတို့အသင်းအားဖိတ်ကြားမည်ဆိုပါက လာရောက်ကစားလိုပါကြောင်း" ပြောကြားသွားသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို ကန်တော်ကြီးဟိုတယ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်စံယုံနှင့် အဖွဲ့ဝင်များ "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို လှည့်လည်အားပေးစဉ်။
(သတင်းစဉ်)

အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဩဂုတ် ၇

၂၀၀၄ ခုနှစ် ဩဂုတ် ၈ ရက်တွင်ကျရောက်မည့် (၃၇)ကြိမ်မြောက် အာဆီယံနှစ်ပတ်လည်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများချစ်ကြည်ရေး အသင်းကကြီးမှူး၍ "အာဆီယံစားသောက်ဖွယ်ရာ ဈေးရောင်းပွဲတော်"ကို ယနေ့နံနက် ၁၀ နာရီတွင် ကန်တော်ကြီးဟိုတယ်၌ကျင်းပရာ မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယကအဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၏ဇနီး ဒေါ်စံယုံတက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယကအဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ဇနီး ဒေါ်လဲ့လဲ့ကြည်၊ ဂုဏ်ထူးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးများ၏ဇနီးများ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိကြီးများ၏ဇနီးများ၊ အာဆီယံနိုင်ငံ သံရုံးဖိလစ်ပိုင်နိုင်ငံ အမျိုးသမီးသံအမတ်ကြီးနှင့် အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းဝင် အမျိုးသမီးများနှင့် ရန်ကုန်မြို့ရှိ သံတမန်မိသားစုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ မိသားစုများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနဝန်ကြီးနှင့်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး Mr. Prommin Lertsuridej နှင့် အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အပေါ်ပုံ)

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်ဦးစိုးတင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး ဧည့်သည်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Opas Chantarasap နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr. Prommin Lertsuridej က ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရေး လုပ်ငန်းများတွင် မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

အာရှသားတွေညီပါစေ

* ညီစေတဲ့ ညီစေ
အာဆီယံ အဖွဲ့ဝင်များ
အာရှသားတို့တစ်တွေ
ညီညွတ်ကြစေ
ပေါင်းစုလေ ဝင်လာတစ်အား
တောင်းဆုခြွေ မင်္ဂလာစကား
စီးပွားအခြေ တိုးပွားမြင့်စေဖို့
ကြီးမားကာလေ ကြိုးစားခွင့်ကို
တွေးချင့်ကာထား။ ။

* ညီစေတဲ့ ညီစေ
မုန်တိုင်းလေ လှိုင်းရေပုတ်သလို
လှေမြှုပ်မည့် အကြံတွေ
အနောက်နေ ပုဆိန်ရိုးတွေက
အမျိုးမျိုး ကြံစည်နေ
ညီညွတ်စေ အာရှသား
အဖျက်ရန် အန္တရာယ်ဘေးကိုလ
တစ်သက်ပန် ကြံရွယ်တွေးလို့
ပေါင်းစည်းစို့လား။ ။

* ညီစေတဲ့ ညီစေ
အာရှနေ တို့သွေးသား
ရေးထားတဲ့ မော်ကွန်းပေ
ဘယ်သူတွေ ဘယ်လိုပြုစေတော့
မမှုတဲ့ စိတ်ဓာတ်တွေ
ကမ္ဘာကိုလေ သိစေသား
အာရှမြေ သည်စခန်း
တာရှည်ရန် ရည်ကာမှန်းလို့ရယ်
လှမ်းကြစို့လား။ ။

တက္ကသိုလ်တင်ခ

ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ခွဲဝေခံစားရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ်များလက်မှတ်ရေးထိုး

ရန်ကုန် ဩဂုတ် ၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံအစိုးရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prommin Lertsuridej ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူတို့က ကြိုဆိုကြသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prommin Lertsuridej တို့ ဦးဆောင်သော တာဝန်ရှိသူများသည် နံနက် ၁၀ နာရီခွဲတွင် အင်းလျားကန် ဟိုတယ် Elephant Room၌ တွေ့ဆုံကာ နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ အင်းလျားကန် ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ်ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေး ဆိုင်ရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Prommin Lertsuridej နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အခမ်းအနားတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limited တို့၏ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် အမှတ် အမ်-၃နှင့် အမ်-၄ တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှု အပေါ် ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး အတွက် နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံတာဝန်ရှိသူတို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များအပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်အမိန့်ကြော်ငြာစာကိုလည်းကောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ကို လည်းကောင်း၊ ထိုင်းနိုင်ငံ PTTEP International Limited ဥက္ကဋ္ဌ Mr. Maroot Mrigadat သို့ အသီးသီးပေးအပ်ကြသည်။

တက်ရောက်ဖွင့်လှစ်

ဆက်လက်၍ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Prommin Lertsuridej တို့ ဦးဆောင်သော တာဝန်ရှိသူများသည် မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်မြို့ ရှစ်မိုင်ခွဲ ဆည်မြောင်းရိပ်သာလမ်းရှိ PTTEP International Limited ၏ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေးကြသည်။

ပို့ဆောင်နှုတ်ဆက်

ထိုင်းနိုင်ငံအစိုးရ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E Mr. Prommin Lertsuridej ဦးဆောင်သော ထိုင်းနိုင်ငံ စွမ်းအင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာရာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တာဝန်ရှိသူတို့က လေဆိပ်သို့ လိုက်ပါပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ထိုင်းနိုင်ငံ PTTEP International Limitedတို့၏ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် အမ်-၃နှင့် အမ်-၄တို့တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးဆိုင်ရာ စာချုပ်များနှင့် မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနတို့၏ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍနှင့် စွမ်းအင်ချွေတာရေးဆိုင်ရာ ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေး အတွက် နားလည်မှုစာချွန်လွှာတို့ကို နှစ်နိုင်ငံတာဝန်ရှိသူတို့ လက်မှတ်ရေးထိုးအပြီးတွင် တွေ့ရစဉ်။ (စွမ်းအင်)

ပထမအကြိမ်ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ စည်ကားသိုက်မြိုက်စွာကျင်းပရေးစည်းဝေး

ရန်ကုန် ဩဂုတ် ၇

ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ကျင်းပရေး ဗဟိုကော်မတီ အစည်းအဝေးကို ဩဂုတ်၅ရက် ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ ပထမအကြိမ် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ကျင်းပရေးဗဟိုကော်မတီနာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ကုန်စည်ပြပွဲ ကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကုန်စည်ပြပွဲ ကျင်းပရေးဗဟိုကော်မတီနာယက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အမှာစကားပြောကြားပြီး ကုန်စည်ပြပွဲကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီ အတွင်းရေးမှူး၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်အေးက ကုန်စည်ပြပွဲအထွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကိုတင်ပြပြီး ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါက ဖြည့်စွက်ဆွေးနွေးသည်။

ကျင်းပမည်

ထို့နောက် ငါးနိုင်ငံကုန်စည်ပြပွဲ-၂၀၀၄ ကျင်းပရေး ဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ ပထမအကြိမ် ငါးနိုင်ငံ ကုန်စည်ပြပွဲ-၂၀၀၄ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ၂၀၀၄ ခုနှစ် ဒီဇင်ဘာ၁ရက်မှ ၅ရက်အထိ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

8-8 (07).p65 1 03/24/1905, 9:29 PM

✳ ကျောဖုံးမှ

ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီးဒေါ်မြမြစန်း၊နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ၎င်းတို့၏ ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) နှင့်ဇနီး၊ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး ဒေါ်ကြိုင်ကြိုင်က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်းက ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားအပြီးတွင် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားအပြီးတွင် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူစဉ်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး စိုးဝင်း ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာနတပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆရာတော်ကြီးများအားလှူဖွယ်ပစ္စည်းများနှင့်ဝါဆိုသင်္ကန်းဆက်ကပ် သံဃာတော်များအားဆွမ်းလောင်းလှူ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် အကြံပေးပုဂ္ဂိုလ် ဦးအုံးမောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၏ ပဓာနနာယကဆရာတော်ကြီးကိုယ်စား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဒ္ဒန္တ ပညိန္ဒာဘိဝံသထံမှ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နိုင်ငံတော်

စာမျက်နှာ ၁၃ ကော်လံ ၄ သို့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြစဉ်။

(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ ရန်ကုန်တိုင်း ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ ရေ၊လေ) မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ အခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီးဒေါ်ခင်လေးသက်တို့က ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီးသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအခမ်းအနားတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ နိကာယ်ငါးရပ် ပိဋကတ်သုံးပုံစာသင်တိုက်ကြီးသို့ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ၏ ပဌမအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံ ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လမ်းများတိုးချဲ့ဖောက်လုပ်ပေး (၂)

မြင့်စိုး (နတလ)

လမ်းနှင့်တံတားသည် နိုင်ငံ့အင်အားဖြစ်သည်။ ထို့ပြင်တစ်ဝ တိုင်းရင်းသားလူမျိုးများအချင်းချင်း ဒေသတစ်ခုနှင့်တစ်ခု ရင်းနှီးချစ်ကြည်စွာ ကူးလူးဆက်ဆံနိုင်ရေး၊ လူမှုစီးပွား အခြေခံအဆောက်အအုံများ အဘက်ဘက်မှမြင့်မားတိုးတက်လာစေရေးတို့အတွက် ရည်သန်ကာ နယ်စပ်ဒေသအသီးသီးတွင် လမ်းတံတားများကို အကောင်အထည်ဖော် ဖောက်လုပ်ပေးခဲ့သည်။ လမ်းပေါင်းများစွာ၊ တံတားပေါင်းများစွာအနက်မှ လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်သော လမ်းအချို့ကို ထုတ်နုတ်တင်ပြလိုသည်။

တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း

၁၉၈၃ ခုနှစ်တွင် သံလွင်(တာကော်အက်)ကူးတို့ဆိပ်သို့ ကျွန်တော်စတင်ရောက်ဖူးခဲ့သည်။ ထိုစဉ်က တပ်မတော်စစ်ကြောင်းများသည် သံလွင်အရှေ့ခြမ်းရှိ လွယ်ပန်လုံ၊ မိုင်းပတ်၊ ပွိုင့်–၄၆၉၅၊ ကျူတန်ဆေး ၁/၂၊ ပွိုင့်ကုန်းစသော ဗကပစခန်းကုန်းများကို တိုက်ခိုက်နေချိန်။ တာကော်အက် ကူးတို့ဆိပ်တွင် ပွန်တွန်းကူးတို့ဖောင်ဖြင့် ကူးကြရ၏။ လွယ်ပန်လုံ ဒေသတစ်ခုလုံးအား တပ်မတော်က သိမ်းပိုက်ရရှိပြီးချိန်တွင် တာကော်အက်–မန်ကန်–ငှက်ကာ–ပန်ဖိန်းမှ လွယ်ပန်လုံအထိ စစ်ဆင်ရေးသုံး တစ်ကြောင်းထိုး မြေလမ်းဖောက်ခဲ့သည်။ စစ်ဆင်ရေးသုံး ယာဉ်ငယ်ကလေးများပေါ်တွင် ရိက္ခာများတင်၍ ကူးတို့ဖောင်ဖြင့် ကူးစေပြီး သံလွင်အရှေ့ခြမ်း စခန်းကုန်းများအတွက် ရိက္ခာစုပုံပေးခဲ့သည်။

ထိုအချိန်၊ ထိုကာလ၊ ထိုဒေသတွင် ငြိမ်းချမ်းရေးဆိုသည့် အရာသည် အလှမ်းကွာဝေးနေဆဲဖြစ်သည်။ ဒေသခံတိုင်းရင်းသားများ အနေဖြင့်လည်း မနက်စာ၊ ညစာ နပ်မှန်ရေးအတွက် ပြေးပြေးလွှားလွှား ရှာဖွေစားသောက်နေရသောအချိန် ဖြစ်သည်။ ဈေးသည်များက ပွိုင့်–၅ စက်သေနတ်ကြီးပုံသေပစ်ခတ်ရာ လမ်းကြောင်းအောက်မှ တောင်စွယ်၊ တောင်ကမူလေးများကို ကွယ်ကာ၊ လျှိုးကာဖြင့် သူဈေးရောင်းလိုရာ ရွာသို့အရောက်သွားသည်။ ကျွဲကျောင်း၊ နွားကျောင်းလုပ်နေသူများကလည်း အမြောက်ဆန်ကျကျ၊ ဗုံးဆန်ကျကျ သူ့ကျွဲ၊ နွားများကို အမိအရပြန်ကောက်သည်။

ထိုသို့သော အခြေအနေမျိုးတွင် တာကော်အက် ကူးတို့ဆိပ်နေရာ၌ သက်သောင့်သက်သာ ဖြတ်သွားနိုင်သော တံတားကြီးတစ်စင်းပေါ်ပေါက်လာခဲ့သော် ကောင်းလေစွဟု မည်သူကမျှ စိတ်ကူးအားလိမ့်မည်မဟုတ်ပါ။ မိမိတို့ဖြတ်လိုသည့်အချိန်တွင် ဖြတ်သန်းခွင့်ရနေသော ကျေးဇူးရှင် ကူးတို့ဖောင်လေးကြိုးပြတ်၍ သံလွင်မြစ်ထဲမျောပါမသွားရေးကိုသာ ဆုတောင်းကြမည် ဧကန်ဖြစ်သည်။ ၁၉၈၈ ခုနှစ်၌ နောက်တစ်ကြိမ် ပြန်ရောက်သောအခါတွင်လည်း တာကော်အက်ကူးတို့ဆိပ်သည် ယခင်ကကဲ့သို့ပင် ဘာမျှမပြောင်းလဲ။ သည်မှာဘက်ကမ်းက ဟိုမှာဘက်ကမ်းသို့ ပွန်တွန်းကူးတို့ဖောင်ကလေးဖြင့် တရွေ့ရွေ့ကူးနေကြဆဲ။

သို့သော် ၁၉၈၉ ခုနှစ် မေလမှစ၍ ထိုဒေသကြီးတစ်ခုလုံးငြိမ်းချမ်းသွားသောအခါ ဒေသခံတိုင်းရင်းသားများသည် ငြိမ်းချမ်းခြင်းအရသာနှင့်အတူ ဒေသဖွံ့ဖြိုးရေး၏ ရလဒ်ကောင်းများကိုပါ တစ်ပြိုင်တည်းခံစားကြရသည်။ တာကော်အက်–လွယ်ပန်လုံကားလမ်းကို ဝိန်းကောင်အထိ ဆက်လက်ဖောက်လုပ်ပြုပြင်ပေးခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ၈၂/၂ မိုင်ကို မြေသားလမ်းအဖြစ် ဖောက်လုပ်နိုင်ခဲ့၏။ ၎င်းအပြင် တာကော်အက် ကူးတို့ဆိပ်နေရာ၌ အလျားပေ ၆၀၀ ရှိ ဘေလီကြိုးတံတားအမျိုးအစား သံလွင်တံတား(တာကော်အက်)ကို ၁၉၉၅ ခု ဧပြီလ ၁ ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၉၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ဖွင့်လှစ်ပေးခဲ့သည်။ ပြည်ထောင်စုနေ့၌ ဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်၍ တံတားဖွင့်ပွဲအခမ်းအနားသည် ပို၍အနှစ်သာရ ပြည့်ဝခဲ့သည်။

၁၉၉၇ ခုနှစ် ဇွန်လ ၁၂ ရက်နေ့၌ ကျင်းပပြုလုပ်သော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တန့်ယန်းမှ ပန်ဆန်းအထိ ငါးနာရီဖြင့် ခရီးပေါက်အောင် **“တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်းအား ကတ္တရာလမ်းအဖြစ် ဖောက်လုပ်ပေးရန်”** လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ တာကော်အက်–ဝိန်းကောင်–ပန်ဆန်းလမ်း ၈၂/၂ မိုင်အား အပိုင်းသုံးပိုင်းခွဲ၍ ပေ၃၀အကျယ် မြေသားလမ်း ချဲ့ခြင်း၊ ကျောက်ခင်းခြင်းလုပ်ငန်းများကို ၁၉၉၈–၉၉ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၀၀–၂၀၀၁ ဘဏ္ဍာနှစ် အဆုံးတွင် ပြီးစီးခဲ့ပြီး လားရှိုး–ပန်ဆန်း နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်သည်။ ကတ္တရာခင်းခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ရာ လိုအပ်သောကျောက်များ အလုံအလောက် ထုတ်ယူရန် အခက်အခဲများ ရှိခဲ့သော်လည်း ၂၀၀၄ ခုနှစ် ဇွန်လလယ်အထိ ကတ္တရာလမ်း ၃၄/၂ မိုင်ပြီးစီးခဲ့သည်။ လုပ်ငန်းအားလုံး လာမည့်ပွင့်လင်းရာသီပြီးစီးရန်အတွက် ယခု မိုးတွင်းကာလကတည်းက ကျောက်ထုတ်လုပ်စုပုံခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရှမ်းပြည်နယ် (မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာများက ကြီးကြပ်၍ ဒေသခံတိုင်းရင်းသားများကလည်း တက်ကြွစွာ ပါဝင်ကူညီကြ၏။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အဆိုပါလမ်းတစ်ခုလုံး ကတ္တရာခင်းခြင်းလုပ်ငန်း အမြန်ပြီးစီးရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်ကိုယ်တိုင် သွားရောက်စစ်ဆေးကြပ်မတ်ခဲ့သည်။ ထိုလမ်းအတွက် အသုံးပြုနေသော ယာဉ်/ယန္တရားများ အရှိန်အဟုန်မပျက် လုပ်ငန်းခွင်ဝင်နိုင်ရေး စဉ်ဆက်မပြတ် ပြုပြင်သုံးစွဲရန်နှင့် စက်အပိုပစ္စည်းများ အရန်ဝယ်ယူထားရှိရန်၊ လိုအပ်သော ကျောက်သယ်ယာဉ်များ၊ ကျောက်ခွဲစက်များ ထပ်မံဖြည့်တင်းပေးရန်စသော လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ အလားတူ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေတို့ကလည်း မပြတ်သွားရောက်ကြည့်ရှုစစ်ဆေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍မော်လိုက်မြို့မှ ချင်းတွင်းမြစ်ကြောင်း လမ်းတစ်ခုတည်းကိုသာ အားထားနေခဲ့ရသည်။ မော်လိုက်မြို့မှာ မြို့နယ်ချင်းဆက်စပ်နေသော ကလေးမြို့၊ ကလေးဝမြို့များသို့ ဆက်သွယ်သွားလာနိုင်ရေးအတွက် မော်တော်ကားလမ်းတစ်ခု အမှန်တကယ် လိုအပ်လျက်ရှိသဖြင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအတွင်း သွားရောက်စစ်ဆေးကြည့်ရှုခဲ့သော စစ်ကိုင်းတိုင်း ခရီးစဉ်တွင် **“ကလေးဝ–မော်လိုက်လမ်းအား ရာသီမရွေးသွားလာနိုင်သော အမာခံကျောက်လမ်းအဖြစ် ဖောက်လုပ်သွားရန်”** လမ်းညွှန်ခဲ့ပါသည်။ ယင်းလမ်းညွှန်ချက်အရ ၎င်းလမ်း အမြန်ဖောက်လုပ်ပြီးစီးရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

ကလေးဝ–မော်လိုက်လမ်း၏ ယခင်အခြေအနေမှာ ကုန်းမြင့်နှစ်ခုအကြား သွယ်တန်းဖောက်လုပ်ထားသော ၁၂ ပေအကျယ် မြေသားလမ်းဖြစ်နေခြင်း၊ သဲချောင်းများကို ဖြတ်ကျော်ရခြင်း၊ ရေဝပ်ဧရိယာများပြားခြင်း၊ အချို့အပိုင်းတွင် လှည်းလမ်းနှင့် လူသွားလမ်းအဆင့်သာဖြစ်နေခြင်းတို့ကြောင့် လမ်းအူကြောင်းသစ် ထပ်မံရှာဖွေ၍ ၁၈ ပေအကျယ် မြေသားလမ်းနှင့် ၁၂ ပေအကျယ် ကျောက်ခင်းလမ်းဖောက်လုပ်သွားရေး ပဏာမလျာထားဆောင်ရွက်ခဲ့သည်။ ၂၀၀၃ ခုနှစ် မတ်လ ၂၁ ရက်နေ့တွင် လမ်းအူကြောင်းသစ် ရှာဖွေခြင်းလုပ်ငန်း စတင်ခဲ့ပြီး မြေသားလမ်းဖောက်လုပ်ခြင်းအား အမှတ်(၉၁၆) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းက တာဝန်ယူဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် မတ်လ ၂၁ ရက်နေ့၌ မြေသားလမ်း ၃၆/၀ မိုင်ဖောက်လုပ်ပြီးစီးခဲ့သည်။ ထို့အပြင် ယင်းလမ်းအား ပေ ၄၀ အကျယ် မြေသားလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ် ဇွန်လ ပထမပတ်အတွင်း ပြီးစီးခဲ့သည်။

ကလေးဝ–မော်လိုက်လမ်းသည် ၃၆/၀ မိုင်အရှည်ရှိပြီး ကျောက်ခင်းခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံတပ်ရင်းတပ်ဖွဲ့များမှ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၆/၄ မိုင် ကျောက်ခင်းပြီးဖြစ်သည်။ လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့်တစ်ပြိုင်တည်း တံတားများတည်ဆောက်လျက်ရှိရာ ပေ ၇၀ အောက် တံတားငယ် ၁၄ စင်း တည်ဆောက်ပေးပြီးဖြစ်သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော်ခဲ့သော ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ နယ်စပ်တစ်ခွင် စည်ပင်ခဲ့ပါသည်။ နယ်စပ်ဒေသအသီးသီးတွင် နိုင်ငံတော်အစိုးရက အဓိကကျသောလမ်းများကို ပြုပြင်ဖောက်လုပ်ပေးသကဲ့သို့ ဒေသခံတိုင်းရင်းသားများကလည်း မိမိတို့ဒေသအတွင်း၌ မြို့တွင်းလမ်းများ၊ မြို့ချင်းဆက်လမ်းများ၊ ဒေသချင်းဆက်လမ်းများကို စွမ်းအားရှိသရွေ့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သည့်အတွက် ဒေသတစ်ခုချင်းတွင် ကွန်ရက်သဖွယ်ယှက်နွယ်နေသော လမ်းများစွာ ပေါ်ပေါက်လာခဲ့သည်။

အကယ်၍သာ တာကော်အက်–ပန်ဆန်းလမ်းတစ်ခုလုံး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ပြီးစီးသွားပါက ‘ဝ’ဒေသမှ သွေးချင်းများ လားရှိုးသို့ ခုနစ်နာရီဖြင့် ခရီးပေါက်ပြီး ပန်ဆန်းမှမန္တလေးသို့ ရာသီမရွေး နေ့ချင်းပေါက် သွားလာနိုင်မည်ဖြစ်သည်။ ထိုမှ အခြားပြည်နယ်၊ တိုင်းဒေသ အနှံ့အပြားသို့ အဆင်ပြေချောမွေ့စွာ ခရီးဆက်နိုင်မည်ဖြစ်သည်။ ‘ဝ’သွေးချင်းများ လူမှုစီးပွား မြင့်မားတိုးတက်လာမည်ဖြစ်သကဲ့သို့ ဒေသတစ်ခုနှင့်တစ်ခု အပြန်အလှန်ကူးလူးဆက်ဆံခြင်းကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် များစွာအထောက်အကူပြုသော လမ်းတစ်ခုဖြစ်လာပေဦးတော့မည်။

ကလေးဝ–မော်လိုက်လမ်း

ကလေးဝမြို့နှင့် မော်လိုက်မြို့များသည် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင်တည်ရှိပြီး ထိုမြို့နှစ်မြို့အကြား၌ ယခင်က မြေသားလမ်း လမ်းကြမ်းတစ်ခုရှိခဲ့သော်လည်း ထိုလမ်းမှာ တောက်လျှောက်မပေါက်၍ အားမကိုးသာခဲ့။

ယင်းလမ်းပေါ်တွင် တည်ဆောက်ပေးရန်လိုအပ်သော ပေ ၁၀၀ အထက် တံတား ၁၀ စင်းအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်ပေးသွားမည်ဖြစ်သည်။

ကလေးဝ–မော်လိုက်လမ်းကို ကလေးဝ–မုံရွာလမ်း၊ ကလေး–တမူးလမ်းမကြီးများနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်စေရေးအတွက် မြစ်သာမြစ်ကူးတံတားအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ခဲ့ပြီးဖြစ်သည်။ ယင်းတံတား၏ ချဉ်းကပ်လမ်းနှင့် ဖြောင့်တန်းစွာရှိစေရန် အရှည်ပေ ၆၉၀ မြေသားတာပေါင်ဖို့ခြင်း လုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ကလေးဝ– မော်လိုက် ကျောက်ချောလမ်းဖောက်လုပ်ပြီးစီးပါက ကလေးဝမြို့နှင့် မော်လိုက်မြို့အကြားရှိ ကျေးရွာ ၃၄ ရွာအနေဖြင့် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ မှီခိုနေရသည့်အခြေအနေမှ လွတ်ကင်းသွားမည်ဖြစ်သည်။ မော်လိုက်မြို့အနေဖြင့်လည်း ကလေးဝမြို့၊ ကလေးမြို့၊ တမူးမြို့၊ မုံရွာမြို့များသို့ ကုန်းလမ်းခရီးဖြင့် ဆက်သွယ်နိုင်မည်ဖြစ်ရာ ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖြစ်ထွန်းစေမည့်လမ်းတစ်လမ်းဖြစ်သည်။

လောက်ကိုင်–ကုန်းကြမ်းလမ်း

ကိုးကန့်ဒေသသည် နိုင်ငံတော်က နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပထမဦးဆုံး ဆောင်ရွက်ပေးခဲ့သည့် ဒေသဖြစ်သကဲ့သို့ ၄၂ မိုင်ဝေးကွာသော လောက်ကိုင်–ကုန်းကြမ်းလမ်းမှာလည်း ကိုးကန့်ဒေသဖွံ့ဖြိုးရေးအဖြစ် စတင်ဆောင်ရွက်ပေးခဲ့သော လမ်းတစ်လမ်းဟုဆိုလျှင် မှားအံ့မထင်။ ထိုလမ်းကို ၁၉၈၉–၉၀ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကိုးကန့်ငြိမ်းချမ်းရေးအဖွဲ့က တာဝန်ယူ၍ မြေသားလမ်းအဖြစ် စတင်ဖောက်လုပ်ခဲ့သည်။ ၁၉၉၃–၉၄ ဘဏ္ဍာရေးနှစ်မှစ၍ ကျောက်ခင်းလမ်းအဖြစ် ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသဆိုင်ရာလုပ်ငန်းကော်မတီမှ နှစ်စဉ်အပိုင်းလိုက် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ သိန်းပေါင်းများစွာ ကုန်ကျခဲ့ပြီး ၁၉၉၉–၂၀၀၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းဖောက်လုပ်ပြီးစီးခဲ့သည်။

ဂျပန်–မြန်မာနှစ်နိုင်ငံ ချစ်ကြည်ရေးအစီအစဉ်ဖြင့် ကိုးကန့်ဒေသ လောက်ကိုင်–ကုန်းကြမ်းလမ်း ၄၂/၀ မိုင်အနက် လောက်ကိုင်–တာရွှေထန်လမ်းအပိုင်း ၆/၂ မိုင်ကို ဂျပန်နိုင်ငံ Katahira & Engineers International ၏ ကြီးကြပ်မှုဖြင့် ကတ္တရာခင်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့တွင် အဆိုပါ လမ်းပိုင်းဖွင့်ပွဲအခမ်းအနားကျင်းပခဲ့သည်။ ကျန်လမ်းအပိုင်းများ ကတ္တရာခင်းခြင်းလုပ်ငန်းအား ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

ကလေးဝ–မော်လိုက်လမ်းအား ကျောက်ခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ်။

8-8 (10).p65 1 03/24/1905, 9:29 PM

မိုးရာသီ(ရန်ကုန်-ပဲခူး-ရန်ကုန်)တာဝေးစက်ဘီးပြိုင်ပွဲကျင်းပ ဆုရအားကစားသမားများအား ထိုက်ထိုက်တန်တန် ဆုချီးမြှင့်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၇

အားကစားဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်နှင့် ရွှေသံလွင်ကုမ္ပဏီတို့ပူးပေါင်းကျင်းပသည့် မိုးရာသီ(ရန်ကုန်-ပဲခူး-ရန်ကုန်)အမျိုးသား၊ အမျိုးသမီးတာဝေးစက်ဘီးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက လှူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)အထူးတန်းနောက်ဘက် ဝေဇယန္တာလမ်းမကြီးတွင် ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်သည်။

အမျိုးသားဆုချီးမြှင့်

အမျိုးသားကီလိုမီတာ၁၆၀တာဝေး စက်ဘီးပြိုင်ပွဲတွင် ပဲခူး ၁၀မိုင်ကုန်းမှ စတင်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဝင်းလှိုင် ရှေ့ဆုံးမှ ဦးဆောင်ယှဉ်ပြိုင်သွားပြီး ပန်းအဝင်တွင်ပြိုင်ဘက်များကို နှစ်မိုင်ကျော်ဖြတ်ပြီးပထမရရှိသွားသည်။ ဒုတိယဆုကိုမြန်မာ့လက်ရွေးစင်ဟောင်း ကြည်မိုးအောင် (ဘဏ္ဍာ/အခွန်)က လည်းကောင်း၊ တတိယဆု ကို ဇေယျာဝင်း (လယ်ယာ/ဆည်မြောင်း)က လည်းကောင်း၊စတုတ္ထဆုကိုမောင်မောင်နေယု (ရကတ)ကလည်းကောင်း၊ ပဥ္စမဆုကိုသက်နိုင်ဦး(ဘဏ္ဍာ/အခွန်)က လည်းကောင်း အသီးသီးရရှိသွားသည်။ဆုများကိုမြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်ဦးဆောင်နာယက အဖွဲ့ဝင်ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ဇနီးဒေါ်ကြည်ကြည်ဝင်းက ငွေသားနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်သည်။

အမျိုးသမီးဆု

အမျိုးသမီးကီလိုမီတာ ၈၀ ပြိုင်ပွဲတွင် ပဲခူး ၁၀ မိုင်ကုန်းကွေ့မှစတင်၍ မြို့တော်စည်ပင်မှခင်စိုးငွေနှင့်မိုးစန္ဒာညို၊ မွေး/ရေမှ စုစုဝေတို့ သူတစ်လှည့် ကိုယ်တစ်လှည့် ဦးဆောင်ယှဉ်ပြိုင်ကြရာ ပန်းအဝင်တွင် အကြိတ်အနယ် သူနိုင်ကိုယ်နိုင် အပြိုင်ကြရာ ခင်စိုးငွေ(မြို့တော်စည်ပင်)ကပွတ်ကာသီကာဖြင့် ပထမရရှိသွားပြီး၊ ဒုတိယနေရာကို မိုးစန္ဒာညို(မြို့တော်စည်ပင်)၊ တတိယ စုစုဝေ(မွေး/ရေ)၊ စတုတ္ထရှုရီ(မြို့တော်စည်ပင်)၊ ပဥ္စမခိုင်မာဦး(သစ်တော)တို့က ရရှိသွားသည်။ ဆုများကို မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယက အဖွဲ့ဝင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၏ဇနီးဒေါ်အေးအေးက ငွေသားဆုနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ကျန်ဆုများကိုမြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း(ရွှေသံလွင်ကုမ္ပဏီလီမိတက်)နှင့်တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

မိုးရာသီ အမျိုးသား၊ အမျိုးသမီး စက်ဘီးပြိုင်ပွဲတွင်ပထမဆုကျပ်ငါးသိန်း၊ ဒုတိယဆု ကျပ်လေးသိန်း၊ တတိယဆု ကျပ်သုံးသိန်းနှင့် ဂျပန်ပြိုင်စက်ဘီးနှင့် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း၊ စတုတ္ထဆု ကျပ်နှစ်သိန်းနှင့် ပဥ္စမဆုကျပ်တစ်သိန်းနှင့် လက်ဆောင်ပစ္စည်းကိုပေးအပ်ချီးမြှင့်ပြီး ဆဋ္ဌမဆုမှ ဒသမဆုအထိ ကျပ်ငါးသောင်းစီပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲအပြီးတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းအား ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များနှင့် ဆုရ စက်ဘီးအားကစားသမားအချို့အား ပြိုင်ပွဲနှင့်ပတ်သက်၍ မြန်မာ့အလင်းက တွေ့ဆုံမေးမြန်းခဲ့သည်။

မြန်မာ့ စက်ဘီးအဆင့်အတန်း တိုးတက်မြင့်မားစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)က မြန်မာ့အလင်းသို့ရှင်းပြစဉ်။ ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ရှေးဦးစွာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းက "ယခုလိုအားကစားသမားများအတွက် ဆုကြေးများ ထိုက်ထိုက်တန်တန်ပေးရခြင်းမှာ မိမိကို ဥက္ကဋ္ဌတာဝန်ပေးသည့် အချိန်မှစ၍ မြန်မာစက်ဘီးအဖွဲ့ အရှေ့တောင်အာရှ၊ အာရှအဆင့်တွင် ပြန်လည်ဦးမော့လာရန် ရည်ရွယ်ချက်ထားရှိဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အဆင့်အတန်းမြင့်မြင့် တာဝေးစက်ဘီးပြိုင်ပွဲများ ကျင်းပရန် ရည်ရွယ်၍ ကလော၊ တောင်ကြီး၊ မန္တလေးနှင့် မေမြို့ တာဝေးစက်ဘီးပြိုင်ပွဲများ ကျင်းပရန် စီစဉ်ထားကြောင်း၊ ပြိုင်ပွဲများ ကျင်းပနိုင်ရန်အတွက်ပြည်နယ်နှင့်တိုင်းပြိုင်ပွဲများ ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလွတ်တန်းစက်ဘီး ပြိုင်ပွဲများ ကျင်းပပေးပြီး နိုင်ငံတကာ ပြိုင်ပွဲများအတွက် စခန်းသွင်း လေ့ကျင့်မှုကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မီဒီယာသမားများအနေဖြင့် စက်ဘီး အားကစားနည်းကို ကျယ်ကျယ် ပြန့်ပြန့်ထိုးဖောက် သိရှိနိုင်ရန်ဝိုင်းဝန်းကူညီကြစေလိုကြောင်း" စသည်ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသွားသည်။

အမျိုးသားကီလိုမီတာ ၁၆၀ တာဝေးစက်ဘီးပြိုင်ပွဲ ပထမဆုရ ဝင်းလှိုင်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)အား မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း၏ ဇနီး ဒေါ်ကြည်ကြည်ဝင်းက ဆုချီးမြှင့်စဉ်။
ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အမျိုးသမီး ကီလိုမီတာ ၈၀ တာဝေးစက်ဘီးပြိုင်ပွဲ ပထမရရှိသူ ခင်စိုးငွေကလည်း "မိမိ ၁၉၉၂ ခုနှစ် အမျိုးသား အားကစားပွဲတော်မှစတင်ပြီး စက်ဘီး အားကစားလောကသို့ ခြေချ ဝင်ရောက်လာသူဖြစ်ကြောင်း၊ နိုင်ငံတကာ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးများ ရရှိထားကြောင်း၊ ယခုလို ဆုကြေးထိုက်ထိုက်တန်တန်ပေးသည့်အတွက် အရမ်းဝမ်းသာ ဂုဏ်ယူကြောင်း ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသည်။

မြန်မာ့စက်ဘီး လက်ရွေးစင်ဟောင်း မြို့တော်စည်ပင်မှ ရှုရီက ပြောကြားရာတွင် "ယခုကဲ့သို့အဖွဲ့ချုပ်က စက်ဘီးပြိုင်ပွဲများ ကျင်းပပေး၍ အလွန်ဝမ်းသာကြောင်း၊ မိမိလက်ရွေးစင်ဘဝတစ်လျှောက်ဆုကြေးများ ယခုကဲ့သို့မက်မက်မောမောမရရှိခဲ့ကြောင်း၊ ထို့ကြောင့်ထိုက်ထိုက်တန်တန်ဆုကြေးများချီးမြှင့်သွားသည့်ဥက္ကဋ္ဌနှင့် ရွှေသံလွင်ကုမ္ပဏီတို့ကို အထူးကျေးဇူးတင်ရှိကြောင်း" စသည်ဖြင့်ပြောကြားသွားသည်။

အမျိုးသား ကီလိုမီတာ ၁၆၀ တာဝေး စက်ဘီးပြိုင်ပွဲပထမရ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဝင်းလှိုင်က "မိမိအနေဖြင့် ၂၀၀၀ပြည့်နှစ်မှ စတင်ပြီး စက်ဘီးအားကစား လောကကို ခြေချလာသူဖြစ်ကြောင်း၊ (ကြည်း၊ရေ၊ လေ) ပြိုင်ပွဲ၊ ပြည်နယ်နှင့်တိုင်း တံခွန်စိုက် စက်ဘီးပြိုင်ပွဲများတွင် အကောင်းဆုံး စက်ဘီးအားကစားသမားဆု ရရှိထားကြောင်း၊ယခုကဲ့သို့ထိုက်ထိုက်တန်တန်ပေးထားသည့်အတွက် အထူးကြိုးစားလေ့ကျင့်ခဲ့ကြောင်း၊ ယခုပွဲမှာလည်း မိမိ အနိုင်ရမည်ဟု ရည်မှန်းချက်ထားကြောင်း၊ ဆက်လက်ကြိုးစားပြီး လက်ရွေးစင်ဖြစ်အောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်သည် မြန်မာ့စက်ဘီးအဆင့်အတန်း မြင့်မားလာရေး ပြိုင်ပွဲများကျင်းပပေးပြီး အထူးကြိုးစားဆောင်ရွက်လျက်ရှိရာမျိုးဆက်သစ် အားကစားသမားများအတွက် နိုင်ငံတကာပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် အခွင့်အရေးကြီး တစ်ရပ်အဖြစ် အစွမ်းကုန်ကြိုးစားရမည့် အချိန်အခါကောင်းဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မိုးရာသီ (ရန်ကုန်-ပဲခူး-ရန်ကုန်) အမျိုးသား၊ အမျိုးသမီး တာဝေးစက်ဘီးပြိုင်ပွဲစတင်တာထွက်စဉ်။ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဟိုမိန်း-တာဆွတ်တိန်းလမ်း

၁၉၉၆ခုနှစ် ဟိုမိန်းသို့ ကျွန်တော်ရောက်ရှိခဲ့စဉ် ကနဦးလမ်းအကြောင်းသည် တာအွန်းမူ-ပွိုင့် ၃၇၇၅-မယိုးယံ-နမ့်လင်း-ဟိုမိန်းဖြစ်သည်။ တာဆွတ်တိန်း ကူးတို့ဆိပ်မှ တာအွန်းမူ ကူးတို့ဆိပ်အထိ ဆန်တက်ရသည်။ သံလွင်မြစ်သည် စက်လှေငယ်များအား ရေများလျှင်လည်း ဒုက္ခပေးသည်။ ရေနည်းလျှင်လည်း ကျောက်ဆောင်များပေါ်မှ ရေတံခွန်ကဲ့သို့ ပြတ်ကျသွားတတ်သည်။ ဟိုမိန်းသို့ အတက်လမ်းကြောင်းကလည်း မတ်စောက်သည်။

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၂၂ရက်နေ့မှ ၂၆ရက်နေ့အထိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ခရီးစဉ်တွင် **"ဟိုမိန်းမြို့သည် နယ်စပ်နှင့်သံလွင်မြစ်အကြား အဓိကကျသည့် နေရာဖြစ်ပေရာ အမာခံလမ်းရှိပြီးဖြစ်သည့်နေရာလည်းဖြစ်၍ မြေလမ်း၊ ကျောက်ချောလမ်းကို လိုအပ်သလို ဖြည့်တင်းစီစဉ်ဆောင်ရွက်ပေးသွားရန်"** လမ်းညွှန်ခဲ့သည်။

ယင်းလမ်းညွှန်ချက်အရ ဟိုမိန်း-တာဆွတ်တိန်းလမ်းအား အမာခံကျောက်လမ်းအဖြစ် ဖောက်လုပ်သွားရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၀-၂၀၀၁ ဘဏ္ဍာရေးနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ ယခုရွေးချယ်ထားသော လမ်းကြောင်းသည် တာဆွတ်တိန်းမှ တည့်မတ်စွာ ဖောက်ထွက်ပြီး လမ်းကြောင်းတို၍ ၃၅မိုင်သာ ကွာဝေးသည်။ ၎င်းလမ်းအား နယ်စပ်ဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် ဒေသခံတိုင်းရင်းသားများက မြေသားလမ်း ဖောက်လုပ်ခဲ့ပြီး ကျောက်ခင်းလုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည်။ ၎င်းလမ်း၏ အချို့သော မတ်စောက်သည့် အတက်အဆင်းနေရာများ အပါအဝင် လိုအပ်သည့်နေရာများတွင် လမ်းပိုင်းအလိုက် ကတ္တရာခင်း၍ အသုံးပြုမည်ဖြစ်ပေသည်။ ယင်းလမ်းပေါ်တွင် တံတားငယ်လေးစင်းနှင့် ပေ၁၆၀အရှည်ရှိ တံတားတစ်စင်း တည်ဆောက်ထားပြီးဖြစ်သည်။

နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများစတင်အကောင်အထည်ဖော်ခဲ့သော ၁၉၈၉ ခုနှစ်မှ ယနေ့အချိန်အထိ နယ်စပ်တစ်ခွင် စည်ပင်ခဲ့ပါသည်။ နယ်စပ်ဒေသအသီးသီးတွင် နိုင်ငံတော်အစိုးရက အဓိကကျသောလမ်းများကို ပြုပြင်ဖောက်လုပ်ပေးသကဲ့သို့ ဒေသခံတိုင်းရင်းသားများကလည်း မိမိတို့ဒေသအတွင်း၌ မြို့တွင်းလမ်းများ၊မြို့ချင်းဆက်လမ်းများ၊ ဒေသချင်းဆက်လမ်းများကို စွမ်းအားရှိသရွေ့ လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ သည့်အတွက် ဒေသတစ်ခုချင်းတွင် ကွန်ရက်သဖွယ်ယှက်နွယ်နေသော လမ်းများစွာ ပေါ်ပေါက်လာခဲ့သည်။

ဤမည်သော လမ်းများသည် နိုင်ငံတော် ထာဝရတည်ငြိမ်အေးချမ်းသာယာရေးကို ရှေးရှုနေသည့် ငြိမ်းချမ်းရေးပန်းခင်းလမ်းများဖြစ်ကြသည်။ ဤမည်သော တံတားများသည် တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ထာဝစဉ် ထွန်းကားပြန့်ပွားရေးကို ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေး ပန်းတံတားများဖြစ်ကြသည်။ ပြည်ထောင်စုစိတ်ဓာတ် ပန်းရနံ့သင်းပျံ့နေသော ပန်းခင်းလမ်းနှင့်ပန်းတံတားများပေါ်မှ ဖြတ်သန်း၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ လက်တွဲညီညီ လျှောက်လှမ်းကြပါစို့။ ။

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော်၈ရက် (ဥပုသ်နေ့)
၈-၈-၂၀၀၄ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အဆိုပြိုင်ပွဲ
၈း၂၀ ၇။ ဒါးကတံတား(ဧရာဝတီတိုင်း)
၈း၃၀ ၈။ International News
၈း၄၅ ၉။ Islands of Dhamma
၈း၅၀ ၁၀။ ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ(အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက)ဒုတိယဥက္ကဋ္ဌ ဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော် မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဗဟန်း ရန်ကုန်မြို့ ထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာချစ်ပန်း"** (အပိုင်း-၁၆)
၁၂း၁၅ ၅။ မြန်မာ့ဆေးလောက၏ မေးရိုးနှင့် ခံတွင်း ခွဲစိတ် အောင်မြင်မှု
၁၂း၃၀ ၆။ မြန်မာရုပ်ရှင် **"ချစ်နှင်းဝေဝေ"** စိုးသူ၊ မေသန်းနု၊ ထွန်းအိန္ဒြာဗို (ဒါရိုက်တာ-သက်မောင်မောင်)
၁၄း၄၅ ၇။ International News
၁၅း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အမှတ်(၃)အခြေခံပညာဦးစီးဌာန ၂၀၀၃-၂၀၀၄ ခုနှစ် ပညာရေးစုံညီပွဲတော် (ဗဟိုအဆင့်) ပဋ္ဌာန်းရွတ်ဆိုပြိုင်ပွဲ (ဒုတိယဆု) [အလက-၄၊မင်္ဂလာတောင်ညွန့်] (အမျိုးသားဝတ်ရွတ်အဖွဲ့)
၁၆း၅၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) [သတ္တဗေဒ]
၁၇း၁၀ ၅။ ပြည်ထောင်တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၂၀ ၆။ မြန်မာစာ မြန်မာစကား
၁၇း၃၀ ၇။ တိတ်ဆိတ်ငြိမ်းချမ်းစိတ်ချမ်းမြေ့စရာ ဓမ္မစွမ်းရည်သာသနာ့ရိပ်သာ
၁၇း၄၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၃၀ ၉။ ညနေခင်းသတင်း
၁၉း၀၀ ၁၀။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်ကြိုးသွယ်တဲ့ လင်းပိုင်ငယ်"** (အပိုင်း-၄)
၁၉း၃၅ ၁၂။ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား
၁၉း၄၅ ၁၃။ မဟာဝံသမြတ်ဗုဒ္ဓ(ဒုတိယပိုင်း)
၂၀း၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှလုံးသားထဲက တစ်ခုတည်းသော အချစ်"** (အပိုင်း-၁၄)
၁၈။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်းတရားတော်
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ဩဂုတ်၅ရက်က ဧရာဝတီတိုင်း ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ဖျာပုံမြို့ အမှတ်(၂)အထက်တန်းကျောင်း နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ဖွင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ကမ္ပည်းကျောက်စာတိုင် စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ရန်ကုန် ဩဂုတ် ၇

ဧရာဝတီတိုင်း ဖျာပုံမြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ဩဂုတ်၅ရက် နံနက်ပိုင်းက ကျင်းပသည့် ဖျာပုံခရိုင် ဖျာပုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ခြင်းနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနား အစီအစဉ်များကို အဆိုပါ ကျောင်းဆောင်သစ်ရှိ မြထွင့်တင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာ နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်ယဉ်သိန်းက ကျောင်းဆောင်သစ်ဆောက်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ယင်းနောက် နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာမကကြီးက အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(ပညာ) ဦးထွန်းကြည်ထံ လွှဲပြောင်းပေးအပ်သည်။ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် မာလ်တီမီဒီယာ သင်ထောက်ကူစာသင်ခန်းများအတွက် ကွန်ပျူတာတစ်လုံးနှင့် ကျောင်းရန်ပုံငွေအတွက် အလှူငွေကျပ်သုံးသိန်းတို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က နှစ်ထပ်တိုးချဲ့ကျောင်းဆောင်သစ် မာလ်တီမီဒီယာသင်ထောက်ကူစာသင်ခန်းများအတွက် ရုပ်မြင်သံကြားစက်တစ်လုံးနှင့် ကျောင်းသုံးစာအုပ်၊ ခဲတံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ဖျာပုံခရိုင်ကိုယ်စားပြု ကျိုက်လတ်မြို့နယ် ဘင်ခရာအသင်းအား ဂုဏ်ပြုငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။

အမှာစကားပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် "နိုင်ငံတော်အနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းများချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး ကျေးလက်ပညာရည်မြင့်မားရေးအတွက် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိသည့်ပြင် အခြေခံပညာကျောင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်တိုးမြှင့်ခြင်းနှင့် လိုအပ်သည့်ဆရာ ဆရာမများကို ခန့်ထားခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ စီမံမှု၊ စေတနာရှင်ပြည်သူများ၏ ပူးပေါင်းမှုတို့ဖြင့် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်ခြင်း၊ ကျောင်းအဆောက်အအုံကို အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုကို သတ်မှတ်၍ တက္ကသိုလ်များ၊ ဆေးရုံများကို ဖွင့်လှစ်ပေးခဲ့ရာ ဧရာဝတီတိုင်းတွင် ပုသိမ်၊ ဟင်္သာတနှင့် မအူပင်မြို့များ၌ တက္ကသိုလ်များ ဖွင့်လှစ်နိုင်ခဲ့၍ ဒေသခံကျောင်းသူကျောင်းသားများအနေဖြင့် မိမိတို့ဒေသအတွင်း၌ပင် အဆင့်မြင့်ပညာများကို သင်ကြားခွင့်ရရှိနေပြီဖြစ်ကြောင်း၊ ယခုဖွင့်လှစ် ပေးသည့် တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်ကို ရေရှည်တည်တံ့ရေးအတွက် တာဝန်ရှိသူများက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက်အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာရေးအတွက် ဆရာ ဆရာမများက သင်ကြားမွေးထုတ်ပေးရန်လိုကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း နိုင်ငံတော်က အားထားရသည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များဖြစ်လာရန် ပညာရေးကို အလေးအနက်ထားပြီး ကြိုးစားသင်ယူကြစေလိုကြောင်း" ဖြင့် တိုက်တွန်းပြောကြားသည်။

အဆိုပါ တိုးချဲ့နှစ်ထပ်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၁၀၊ အနံပေ ၃၀ရှိပြီး စုစုပေါင်း တန်ဖိုးမှာ ငွေကျပ်သိန်း ၂၂၀ ဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့သို့ ရောက်ရှိကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဘိုကလေးမြို့ မြို့မ ဆွမ်းလောင်းအသင်းကြီးက မြို့နယ်ဓမ္မာရုံ သာသနာ့ဗိမာန်၌ ကျင်းပသည့် ဘိုကလေးမြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျောင်းတိုက်ပေါင်း ၅၃ကျောင်းသို့ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ဘိုကလေး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇေယျမေဒနီကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဉာဏဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆရာတော်၊ သံဃာတော်များနှင့် ကျောင်းတိုက်ပေါင်း ၅၃ကျောင်းသို့ ဝါဆိုသင်္ကန်းများကို ဆပ်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဘိုကလေးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဘိုကလေးမြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေကျပ်နှစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေထွန်းက လက်ခံသည်။ တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်က ကျောင်းသားကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်ဒါဇင် ၅၀နှင့် ခဲတံဒါဇင် ၅၀တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်ခင်အေးမြင့်က လက်ခံသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် ဩဂုတ်၄ရက်က ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက်တွင် စမ်းမြနေခြည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးစိန်တိုးနှင့် ရပ်ကွက်ဥက္ကဋ္ဌဦးမြင့်အေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

အကောက်ခွန်ဦးစီးဌာနသည် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အဖွဲ့ဝင်ဖြစ် လုပ်ထုံးလုပ်နည်းများ နိုင်ငံတကာစံများနှင့်ညီညွတ်အောင် ပြုပြင်ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၇

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ် နှစ်ချုပ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်၅ရက် နံနက်၇နာရီခွဲက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းရှိ အကောက်ခွန်ဦးစီးဌာန သင်တန်းကျောင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေ၊ အကောက်ခွန်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးခင်မောင်လင်းနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ကြိုးပမ်းဆောင်ရွက်

အစည်းအဝေးတွင် ဝန်ကြီးက အမှာစကား ပြောကြားရာ၌ ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ညှိနှိုင်းမှုများပြုလုပ်ပြီး ဘဏ္ဍာနှစ်သစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်သွားသင့်သည့် လုပ်ငန်းများ၊ အစီအမံများကို သတ်မှတ်လျာထား သွားကြရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထား ကြရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသည့် လျာထားချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များ ပြည့်မီစေရန် ဆောင်ရွက်ရာတွင် အဓိကကျသည့် အခန်းကဏ္ဍက ပါဝင်နေသည့်အတွက် ဝန်ထမ်းများက မိမိဝန်ကြီးဌာနနှင့် မိမိဌာနအတွက် ကြိုးပမ်းလုပ်ဆောင် ကြရန်လိုကြောင်း၊ အကောက်ခွန်ဦးစီးဌာနအနေနှင့် ကမ္ဘာ့အကောက်ခွန်အဖွဲ့၏ အဖွဲ့ဝင်ဖြစ်သည်နှင့်အညီ လုပ်ထုံးလုပ်နည်းများကို ကမ္ဘာ့အကောက်ခွန် အဖွဲ့အပါအဝင် နိုင်ငံတကာစံများနှင့် ညီညွတ်အောင် ပြုပြင်ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း၊ စီမံခန့်ခွဲရေးအဆင့် အရာထမ်းများသည် ဝန်ထမ်းများကို စနစ်တကျကွပ်ကဲနိုင်ရန် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည်များ မြင့်မားရန် လိုအပ်ကြောင်းနှင့် ကျွမ်းကျင်မှုအရည်အသွေး ပြည့်စုံပြောင်မြောက်သည့် ကမ္ဘာ့အဆင့်အတန်းမီ အကောက်ခွန်အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဂျပန်အသင်းအာရှချန်ပီယံဆက်လက်ထိန်းသိမ်းနိုင် အိမ်ရှင်တရုတ်အသင်း ဒုတိယဖြင့်သာကျေနပ်လိုက်ရ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ

ရန်ကုန် ဩဂုတ် ၇

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အလုပ်သမားအားကစားကွင်း၌ ဩဂုတ် ၇ ရက်က ဆက်လက်ကျင်းပရာ အိမ်ရှင်တရုတ်အသင်းနှင့် အာရှဖလားလက်ရှိချန်ပီယံဂျပန်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ဂျပန်အသင်းက တရုတ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကာ အာရှဖလားချန်ပီယံအဖြစ် ဆက်လက် ရပ်တည်ခွင့်ရရှိသွားပြီဖြစ်သည်။

ဗိုလ်လုပွဲတက်ရောက်

တရုတ်အသင်းသည် အာရှဖလားအကြိုဗိုလ်လုပွဲ၌ အီရန်အသင်းကို ပယ်နယ်တီအပါအဝင် ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲသို့တက်ရောက်လာသောအသင်းဖြစ်ပြီး လက်ရှိချန်ပီယံ ဂျပန်အသင်းသည်လည်း အကြိုဗိုလ်လုပွဲ၌ ဘာရိန်းအသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး အာရှဖလား ဗိုလ်လုပွဲသို့တက်ရောက်လာသောအသင်းဖြစ်သည်။

ဂျပန်အသင်းသည် လက်ရှိ အာရှချန်ပီယံကို ကာကွယ်မည့်အသင်းဖြစ်သလိုပင် တရုတ်အသင်းကလည်း အိမ်ရှင်ဖြစ်သည့်အပြင် အာရှဖလားကို ပထမဆုံးအကြိမ် ရရှိရန်အတွက် အပြင်းအထန် ကြိုးစားရယူရေး ဆုံးဖြတ်ထားသည့်အတိုင်း ပွဲစသည်နှင့် နှစ်သင်းစလုံး အချိတ်အဆက်မိမိဖြင့် ကစားကာ အပြန်အလှန်ထိုးဖောက်ကစားကြသည်။

ဂျပန်နောက်တန်းဖျက်ထုတ်နေရ

ပွဲချိန် ၈ မိနစ်တွင် ဂျပန်ကွင်းညာဘက်ခြမ်းမှ အမြောက်ကန်တင်ပေးလိုက်သည့်ဘောလုံးကို တရုတ်တိုက်စစ်မှူး လီကျင်ယု ခေါင်းတိုက်သွင်းသော်လည်း ဂိုးဘားပေါ်ကျော်သွားခဲ့သဖြင့် တရုတ်တို့တစ်ဂိုး နစ်နာသွားရသည်။ တရုတ်တို့ ဘောလုံးပိုင်ဆိုင်မှုများများဖြင့် ကွင်းလယ်ကစားကွက် ထိန်းချုပ်ကာ လျင်လျင်မြန်မြန်ကစားရာ ဂျပန်နောက်ခံလူများ မနားတမ်းဖျက်ထုတ်နေရသည်။

ဂျပန်တို့ ပြန်လည် တိုက်စစ်ဆင်ကစားရာ ပွဲချိန်၁၁မိနစ်တွင် ဂျပန်တိုက်စစ်မှူး ဆူဇူကီ အဝင်ကြမ်းသဖြင့် အဝါကတ်အပြခံရသည်။ ဂျပန်တို့က ထိုးဖောက်ကစားသော်လည်း တရုတ်နောက်တန်းကို မကျော်နိုင်ပေ။ တရုတ်တို့က အဖြတ်အတောက် ကောင်းကောင်းဖြင့် ကွင်းလယ်ကစားကွက်မှ တိုက်စစ်ဆင် ထိုးဖောက်ကစားရာ ဂျပန်နောက်ခံလူများ ကြိုးစား ဟန့်တားနေရသည်။

အဖွင့်ဂိုးစတင်ရရှိ

ထိုသို့တရုတ်တို့အပေးအယူမှန်မှန်ဖြင့်ကစားနေရာမှ ဂျပန်တို့က နောက်တန်းမှ စတင်တိုက်စစ်ဆင်ထိုးဖောက်ကစားရာ ပွဲချိန်၂၂မိနစ်တွင် တရုတ်ဂိုးဧရိယာဘယ်ခြမ်းအစပ်မှ ဂျပန်တို့ ပြစ်ဒဏ်ဘောရရှိရာ ယင်းပြစ်ဒဏ်ဘော ဂိုးရှေ့သို့ကန်တင်ပေးသည်ကို ဂျပန်ကွင်းလယ်ကစားသမား ဖုကူနီရှီက ခေါင်းတိုက်သွင်းယူလိုက်သဖြင့် ဂျပန်တို့ အဖွင့်ဂိုး စတင်ရရှိသွားသည်။ ဂိုးသမား ကာဝါဂူချီ ကာကွယ်လိုက်နိုင်သဖြင့် တရုတ်တို့ နစ်နာသွားခဲ့ရသည်။

တစ်ဂိုးစီသရေ

တရုတ်တို့ကဘောလုံးအပေးအယူလျင်မြန်ပြီး အဖြတ်အတောက်လည်းကောင်းမွန်ကြကာ တရုတ်တိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုကို ဂျပန်နောက်တန်းနှင့် ဂိုးသမားတို့ အသည်းအသန် ကာကွယ်နေရသဖြင့် ပထမပိုင်းပွဲပြီးချိန်ထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေဖြစ်လျက်ရှိသည်။

ဒုတိယပိုင်းစသည်နှင့် တရုတ်တို့ အနိုင်ဂိုးရရှိရေးအတွက် ဘယ်ခြမ်းမှ ပိုမိုထိုးဖောက်ကစားသော်လည်း ဂျပန်နောက်ခံလူများကို မကျော်နိုင်ခဲ့ပေ။ ပွဲချိန် ၅၆ မိနစ်တွင် တရုတ်တိုက်စစ်မှူး ဟိုဟိုင်ဒေါင်အစား လီယီ အစားဝင်ရောက်ကစားရာ ပွဲမှာ ပိုမိုလျင်မြန်လာပြီး ဂျပန်ဘက်သို့ ထိုးဖောက်ကစားနိုင်ခဲ့သည်။

အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အကောင်းဆုံးဘောလုံးသမားဆုရ ဂျပန်ဂိုးသမား ကာဝါဂူချီ အစွမ်းပြကာကွယ်ဟန်။ (ဓာတ်ပုံ-အင်တာနက်)

ချေပဂိုးရရှိ

တရုတ်တို့ ဂိုးပေးလိုက်ရသည်နှင့် ဂျပန်အသင်းဘက်သို့ ဖိကစားလာရာ ဂျပန်နောက်ခံလူများက တည်တည်ငြိမ်ငြိမ်ပင် ဟန့်တားနိုင်ပြီး ကွင်းလယ်မှပင် ဘောလုံးကို ဖြတ်ကစားနိုင်ခဲ့သည်။ ပွဲချိန် မိနစ် ၃၀တွင် တရုတ်မှ ယမ်ဆောင် ဂျပန်ကွင်းလယ်ခြမ်း ချပေးလိုက်သည့်ဘောလုံးကို တရုတ်နောက်ခံလူလီမင်း ဘယ်ခြေဖြင့်ကန်သွင်းရာမှ တရုတ်တို့ချေပဂိုးရရှိသွားသည်။

ကွင်းတစ်ဝက်ဖိကစားထား

ချေပဂိုးရရှိသည်နှင့် တရုတ်တို့ အနိုင်ဂိုးဆက်လက်ရရှိရေး ဂျပန်အသင်းဘက်သို့ဖိကစားရာ နောက်ခံလူများနှင့် အလယ်တန်းတို့ အချိတ်အဆက်မိမိဖြင့် ကစားနိုင်ပြီး တိုက်စစ်မှူးများထံ ဘောလုံးဖြန့်ပေးနိုင်မှုကြောင့် တရုတ်တို့က ပိုမိုထိုးဖောက်ကစားနိုင်ပြီး ဂျပန်ကွင်းတစ်ဝက်ထိ ဖိကစားထားနိုင်ခဲ့သည်။

ပွဲချိန် ၄၅ မိနစ်တွင် တရုတ်ကွင်းလယ်ကစားသမား ဇိုကျင်ဇီ ဂျပန်ဂိုးဧရိယာညာခြမ်းအနားထိ ဘောလုံးဆွဲယူလာပြီး ကန်သွင်းရာ ဂျပန်ဂိုးသမား ကာဝါဂူချီ ကာကွယ်လိုက်နိုင်သဖြင့် ...

ဂျပန်ဂိုးသမားကာကွယ်နိုင်

ပွဲချိန် ၆၅ မိနစ်တွင် ဂျပန်တို့ ညာထောင့်ကန်ဘောရရှိရာမှ အမြောက်ကန်တင်ပေးလိုက်သည့် ဘောလုံးကို ဂျပန်အလယ်တန်းလူ ကိုဂျီနာကာတာက သွင်းယူခဲ့သဖြင့် ဂျပန်တို့ ဒုတိယဂိုး ရရှိသွားသည်။ တရုတ်တို့ဂိုးပေးလိုက်ရသဖြင့် တိုက်စစ်အားတင်ပြီးကစားရာ တရုတ်တိုက်စစ်မှူးများ ဂိုးရရှိရေး ဆန္ဒစောနေသဖြင့် အခွင့်အရေးများဆုံးရှုံးခဲ့ရမှုများလျက်ရှိသည်။ တရုတ်နောက်ခံလူများ တိုက်စစ်ကို လိုက်ပါအားဖြည့်ပေးကြပြီး ထိုးဖောက်ကစားရာ ပွဲချိန် ၇၅ မိနစ် တွင် ဂျပန်ဂိုးဧရိယာအစပ်မှ တရုတ်နောက်ခံလူ ဆန်ဇင်း အမှတ်မထင် လှမ်းကန်ရာ ဂျပန်ဂိုးသမား ကာကွယ်နိုင်ခဲ့သည်။

ပွဲချိန် ၇၇ မိနစ်တွင် တရုတ်တိုက်စစ်မှူး လီယီ ဂျပန်ဂိုးသမားနှင့် တစ်ဦးချင်းတွေ့ပြီး ဂိုးသွင်းခွင့်ရရှိသော်လည်း အခွင့်အရေးကို ပိုင်ပိုင်နိုင်နိုင် အသုံးမချနိုင်ခဲ့ခြင်းကြောင့် တရုတ်တို့ ဂိုးရရှိရေး နစ်နာသွားခဲ့ရသည်။

တတိယဂိုးရရှိ

ထိုသို့ အပြန်အလှန် ထိုးဖောက်ကစားနေရာမှ ပွဲချိန်မိနစ် ၉၀ တွင် ဂျပန်တိုက်စစ်မှူးတာမာဒါက တရုတ်နောက်ခံလူများကိုကျော်ကာ တစ်ဦးတည်း လွတ်လွတ်ကျွတ်ကျွတ်ဘောလုံးဆွဲယူလာပြီး တရုတ်ဂိုးသမားနှင့်တစ်ဦးချင်းအတွေ့ ဂိုးသမားကိုပါလိမ်ခေါက်ပြီး အပိုင်ကန်သွင်းရာမှ ဂျပန်တို့ တတိယဂိုးရရှိသွားသည်။

တရုတ်တို့ ချေပဂိုးမသွင်းနိုင်သည့်အပြင် ဂိုးထပ်မံပေးလိုက်ရသဖြင့် ဂျပန်တို့က သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိသွားကာ အာရှဖလားချန်ပီယံကို ဆက်လက် ကာကွယ်သွားနိုင်ခဲ့ပြီး အိမ်ရှင်တရုတ်အသင်းမှာ ချန်ပီယံဆုရရှိရေးအကြိတ်အနယ်ကြိုးစားခဲ့သော်လည်း ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရပြီဖြစ်သည်။

အာရှဖလား၂၀၀၄ ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲအပြီး ဂျပန်တို့က သုံးကြိမ်မြောက် အာရှဖလားချန်ပီယံဖြစ်လာပြီး တရုတ်တို့က ပထမဆုံးအကြိမ်အဖြစ် အာရှဖလားပြိုင်ပွဲ ဒုတိယအဆင့်ရရှိကာ အီရန်တို့က တတိယနေရာဖြင့် အာရှဖလား ၂၀၀၄ ဘောလုံးပြိုင်ပွဲ အောင်မြင်စွာ ပြီးဆုံးခဲ့ပြီဖြစ်သည်။ **(မြန်မာ့အလင်း)**

စာမျက်နှာ ၉ မှ

သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ဦးစီးပဓာနနာယက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်တိုက်ကြီး၏ပဓာနနာယကဆရာတော်ကြီးအား လှူဒါန်းသည့် လှူဖွယ်ပစ္စည်းများကို နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့တို့သည် ဆရာတော်ကြီးများအား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ရန်ကုန်မြို့တော်ဝန်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်တို့အား ပရိက္ခရာရှစ်ပါး၊ လှူဖွယ်ပစ္စည်းများနှင့် ဝါဆိုသင်္ကန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်ကြီး၏ ပဓာနနာယကဆရာတော် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအရှင်သူမြတ်က ရေစက်ချအနုမောဒနာတရား ချီးမြှင့်တော်မူသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ပရိသတ်များသည် ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာသင်တိုက်မှ သံဃာတော်များအား ဆွမ်းလောင်းလှူကြသည်။ **(သတင်းစဉ်)**

၂၀၀၄-၂၀၀၅ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၄ ခု၊ ဩဂုတ်လ (၉)ရက်မှ (၁၃)ရက်

အခြေခံပညာကျောင်းအားလုံးပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေ

ရန်ကုန် ဩဂုတ် ၇

ယနေ့ နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်ထူထပ်ခဲ့ပြီး ကချင်ပြည်နယ်၌ နေရာကွက်ကျားနှင့် ကျန်ဒေသများတွင် နေရာကျဲကျဲမှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေကြောင်း သိရသည်။

ဩဂုတ် ၈ ရက် ညနေအထိခန့်မှန်းချက်အရ ရခိုင်ပြည်နယ်၊ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀ထိ တိုက်ခတ်နိုင်ပြီး ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (မြန်မာ့အလင်း)

အာရှဖလား ဆုရနိုင်ငံများ

(၁၉၅၆-၂၀၀၄)

၁၉၅၆ - တောင်ကိုရီးယား	၁၉၈၀ - ကူဝိတ်
၁၉၆၀ - တောင်ကိုရီးယား	၁၉၈၄ - ဆော်ဒီအာရေဗျ
၁၉၆၄ - အစ္စရေး	၁၉၈၈ - ဆော်ဒီအာရေဗျ
၁၉၆၈ - အီရန်	၁၉၉၂ - ဂျပန်
၁၉၇၂ - အီရန်	၁၉၉၆ - ဆော်ဒီအာရေဗျ
၁၉၇၆ - အီရန်	၂၀၀၀ - ဂျပန်
	၂၀၀၄ - ဂျပန်

မှတ်သားဖွယ်ရာ မိုးရေချိန်

သံတွဲမြို့နှင့် ကသာမြို့
၃ ဒသမ ၉၆ လက်မ

စစ်တွေမြို့
၃ ဒသမ ၁၈ လက်မ

နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၇

စက်တင်ဘာ ၈ရက်တွင် ကျရောက်မည့် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၀၄ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့နှင့် ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ် အထိမ်းအမှတ် ဆောင်းပါး၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲ ကျင်းပမည် ဖြစ်ကြောင်း သက်ဆိုင်ရာက ယနေ့ထုတ်ပြန်ကြေညာသည်။

နောက်ဆုံးထားပေးပို့

ဆောင်းပါးပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လိုသူများသည် **"လူတိုင်းအတွက်ပညာရေး"**ဆောင်းပါးခေါင်းစဉ်ဖြင့် စာလုံးရေ ၃၀၀၀ ထက်မနည်း၊ ၄၀၀၀ ထက်မများ ရေးသားယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်စာမူကို ကွန်ပျူတာ၊ လက်နှိပ်စက်၊ လက်ရေးကြိုက်နှစ်သက်ရာဖြင့် စာမျက်နှာတစ်ဖက်တည်းတွင် ရှင်းလင်းပြတ်သားစွာ ရေးသားဖော်ပြ၍ စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်း ဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ(တစ်လက်မခွဲ ×နှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင်လုံခြုံစွာထည့်ပြီး ဦးမြတ်နိုင် ညွှန်ကြားရေးမှူး မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပြည်လမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ဩဂုတ် ၂၅ရက် နောက်ဆုံးထားပေးပို့ရမည်ဖြစ်သည်။

အသေးစိတ်စုံစမ်းနိုင်

စာစီစာကုံးနှင့်ပိုစတာပြိုင်ပွဲကို အဆင့်သုံးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ရာ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်များတွင် တက်ရောက်နေသော လုပ်ငန်းခွင်အကြိုသင်တန်းသားများသည် ဩဂုတ် ၂၂ ရက်တွင်ကျင်းပမည့် စာစီစာကုံးပြိုင်ပွဲသို့ **"စာမတတ်သူ တို့ဝိုင်းကူ"**ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသားကျောင်းသူများသည် ဩဂုတ် ၁၄ ရက်တွင်ကျင်းပမည့် စာစီစာကုံးပြိုင်ပွဲသို့"လူတိုင်းစာတတ်ရမည်"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသားကျောင်းသူများသည် ဩဂုတ် ၁၄ ရက်တွင်ကျင်းပမည့် စာစီစာကုံးပြိုင်ပွဲသို့ **"လူတိုင်းစာတတ်ရမည်"** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အခြေခံပညာအလယ်တန်းအဆင့်ကျောင်းသားကျောင်းသူများသည် ဩဂုတ် ၁၄ ရက်တွင် ကျင်းပမည့် ပိုစတာပြိုင်ပွဲသို့ **"လူတိုင်းစာတတ်မြောက်ရေး လူတိုင်းအရေး"** ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်ကြပြီး ပြိုင်ပွဲဝင်လိုသူများသည် သက်ဆိုင်ရာပညာရေးတက္ကသိုလ်၊ ပညာရေးကောလိပ်များနှင့် မြို့နယ်ပညာရေးမှူးရုံးများ၌ ပြိုင်ပွဲဝင်စည်းကမ်းများကို အသေးစိတ် စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှင်ခေမာသီရိလင်္ကာရတရားပွဲ

ရန်ကုန် ဩဂုတ် ၇

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ရန်ကင်းမြို့နယ် ရွှေပြည်ဟိန်းကျောင်းတိုက် ပိဋကတစ်ပုံခွဲဆောင် ဓမ္မကထိက အရှင်ခေမာ သီရိလင်္ကာရ(သီတဂူကြာတစ်ပွင့်)ဆရာတော်သည် ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်(ဩဂုတ် ၈ရက်) မွန်းလွဲ ၂နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။ **(က-ပ)**

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၉) အခြေခံပညာ မူလတန်းကျောင်းတွင် ဩဂုတ် ၇ရက်က သံဃာတော်များအား ဆွမ်းကပ်လှူခြင်းနှင့်ဝါဆိုသင်္ကန်း ကပ် အလှူမင်္ဂလာကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်စိန်စိန်၊ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သာထွန်း၊ အတွင်းရေးမှူး ဦးဝမ်နီနှင့် အဖွဲ့တို့က ဆက်ကပ်လှူဒါန်းကြစဉ်။ (က-ပ)

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၇

တိပိဋကဓရ တိပိဋကကောဝိဒ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ဣန္ဒပါလအား အမှူးထား၍ ရန်ကုန်ရောက် ရမ်းဗြဲဇာတိဖွား ကျောင်းထိုင်ဆရာတော်များအား ရမ်းဗြဲမြို့နယ်အသင်း (ရန်ကုန်)က ပထမအကြိမ်စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၃၁ရက် မွန်းလွဲ၂နာရီက ရခိုင်ပြည်နယ် ဓမ္မာရုံ၌ကျင်းပရာ ရမ်းဗြဲမြို့နယ် အသင်းသူအသင်းသားများနှင့် ကုသိုလ်ပါဝင်လှူဒါန်းသူများ တက်ရောက်ကြပြီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

(အပေါ်ပုံ) (က-ပ)

မိုးအသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

Informatics Computer Centre
(လမ်းမတော်)

- ဩဂုတ်လမှစ၍ လစဉ်တန်းခွဲသစ်များ ဖွင့်နေပါသည်။
- အထူးသီးသန့်သင်တန်းများ ဖွင့်လှစ်ဝန်ဆောင်မှုပေးပါသည်။

အမှတ် ၇၅၄၊ မဟာဗန္ဓုလလမ်းနှင့် ၁၆ လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ဖုန်း-၂၅၁၀၆၄၊၃၈၂၀၅၃။

ဆုထူးပန်ကျောင်း ဝါဆိုသင်္ကန်းလှူဒါန်း

ရန်ကုန် ဩဂုတ် ၇

အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဩဝါဒါစရိယ ဆုထူးပန်ကျောင်းတိုက်များ၏ ပဓာန နာယက ဘဒ္ဒန္တ သလ္လာအရှင်ပဏ္ဍိတ၏ (၆၈)နှစ်မြောက် မွေးနေ့ပူဇော်ပွဲနှင့် တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်း ဆုထူးပန် ပရိယတ္တိစာသင်ကျောင်းတိုက်အတွင်း ဝါဆိုဝါကပ်တော်မူကြသော နာယက စာချစာသင် သံဃာတော်အရှင်သူမြတ် ၂၀၀ ကျော်တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ အဆိုပါကျောင်းတိုက်၌ကျင်းပရာ သန်လျင်မြို့ ဓမ္မရောင်ခြည်ကျောင်း သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တရေဝတ အမှူးပြုသော ပင့်သံဃာတော် အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး အလှူရှင်များက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကာ အရှင်ကဝိန္ဒ(ရဝေစိုး)က မွေးနေ့ပူဇာ တရားဒေသနာတော်များ ဟောကြားသည်။ **(က-ပ)**

ပြင်ဆင်ချက်

၁၆-၇-၂၀၀၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော ရောင်းချရန် ကြော်ငြာစာတွင် ဖော်ပြပါရှိသော ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ်-၇၆/၀၄ အစား ၆၇/၀၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်း(၃၆-စီ) မြေကွက်အမှတ်(၃၃အိပ်ချ်+၃၃အိုင်)ဦးချမ်းသာ အမည်ရှိ မြေပိုင်မြေအကျယ်အဝန်း(၀.၅၄၈ ဧက)ကို အမှတ်(၂၇) အောင်မင်းခေါင်ဘုရားလမ်း ကမာရွတ်မြို့နယ်နေ စီယူပွန်း(ခ) ဒေါ်မိုးမြ ၁၂/ကမရ(နိုင်)၀၄၅၀၃၉က အမည်ပြောင်းခွင့်လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။

ကိုယ်တိုင်ထုတ်လုပ်သူများအခွန်လွတ်ဈေး တိုင်းမှူးစစ်ဆေး

ဟင်းသီးဟင်းရွက်နှင့်သားငါးများ လွယ်လင့်တကူ စားသုံးနိုင်ရေးရည်ရွယ်

ရန်ကုန် ဩဂုတ် ၇

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ သည် စစ်ဒေသမှူးများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဈေးများဌာန ဌာနမှူးဦးစိုးမြင့်နှင့်တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၄ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်၍ ဈေးများအတွင်း ဈေးရောင်းဈေးဝယ်မှု အခြေအနေ များကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ကြိုဆို

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေသည် နံနက် ၆နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ပန်းတျာလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ ရောက်ရှိလာရာ အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီးတင်ဆန်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ရန်ကုန်အနောက်ပိုင်းခရိုင်ဒဂုံမြို့နယ်ပန်းတျာလမ်းရှိကိုယ်တိုင်ထုတ်လုပ်သူများ၏အခွန်လွတ်ဈေးကိုလည်းကောင်း၊**(အပေါ်ယာပုံ)**ကမာရွတ်မြို့နယ် ဟံသာဝတီလမ်းနှင့်ကျွန်းတောလမ်းထောင့်ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးနှင့် ကမ္ဘာအေးစေတီလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတို့ကိုလည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း အမှတ်(၂)စက်မှုဝန်ကြီးဌာနရုံးဘေးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း၊ တာမွေမြို့နယ် ကျိုက္ကစံလမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးကိုလည်းကောင်း သွားရောက်၍ ဈေးများအတွင်း ဝန်ကြီးဌာနများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၊ တပ်ရင်း တပ်ဖွဲ့များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ငါးမွေးမြူရေး အထူးဇုန်နှင့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူထုတ်လုပ်ကြသူများ၏ ဟင်းသီးဟင်းရွက်နှင့် သား၊ ငါး၊ ကြက်ဥ အရောင်းဆိုင်များ၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးမှရေချိုငါးမျိုးစုံနှင့် ပုစွန်အရောင်းဆိုင်များ၊ ငွေပင်လယ်ရေလုပ်ငန်းကုမ္ပဏီလီမိတက်၊ မြန်မာမန်းကုမ္ပဏီလီမိတက်၊ အဏ္ဏဝါရေလုပ်ငန်းကုမ္ပဏီလီမိတက်တို့မှ ပင်လယ်ငါးမျိုးစုံအရောင်းဆိုင်၊ မြန်မာနိုင်ငံဆန်ကုန်သည်ကြီးများအသင်း ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း စားသုံးဆီ အရောင်းဆိုင်များ၊ စွမ်းအင်ဝန်ကြီးဌာနမှ ဖယောင်းတိုင်အရောင်းဆိုင်များ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များမှ ဈေးရောင်းချနေမှုအခြေအနေများကို လိုက်လံကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဖြည့်ဆည်းပေး

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများကို ရန်ကုန်မြို့နေပြည်သူများ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့်သား၊ငါးများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ဈေးရောင်းချသူများမှ ဆိုင်ခန်း အခွန်အခ ပေးစရာမလိုဘဲ ဦးရာလူစနစ်ဖြင့် အလေးချိန်ခွင်ပြည့်မီစွာ ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ ဝယ်ယူစားသုံးလျက်ရှိသည့် ပြည်သူများကျန်းမာရေးနှင့်ညီညွတ်စေရန် ဈေးတွင်းဈေးပြင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ ဈေးအတွင်းဆိုင်ခန်းများ၊ လူသွားလမ်းများ အစဉ်ကောင်းမွန်စေရေးထိန်းသိမ်းကြရန်နှင့် ဈေးဆိုင်များတွင် အမှိုက်ပုံးများစနစ်တကျထားပြီး အမှိုက်များ စွန့်ပစ်ရေးကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားပြီးလိုအပ်သည်များဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန် တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် မြန်မာ့လယ်ယာ ထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးဌာန မိသားစုဝင်များမှ ၂၀၀၃–၂၀၀၄ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၃ရက်က မြို့နယ်မန်နေဂျာရုံးတွင် ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင် မောင်ထင်လင်းစံ အား မြို့နယ်မန်နေဂျာ ဦးခင်လှိုင်က ဆုချီးမြှင့်စဉ်။ (၂၈၃)

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးအသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၇

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ကို ဂုဏ်ပြုသောအားဖြင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ သူနာပြုတက္ကသိုလ် ရန်ကုန်ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာဌာနမှ ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ညို ဦးဆောင်၍ ဆရာ ဆရာမများနှင့် သူနာပြုသိပ္ပံ ပုံမှန်ကျောင်းသူ ကျောင်းသားများပါဝင်သောအဖွဲ့သည် သာကေတမြို့နယ် ကျန်းမာရေး ဦးစီးမှူးနှင့်အဖွဲ့ဝင်များ၊ (၆)ရပ်ကွက်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ် ၅ရက်က (၆)ရပ်ကွက် အရှေ့အနန္တသုခမ္မောရုံတွင် ရပ်ကွက်အတွင်းရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုအကြောင်း သိကောင်းစရာများ အသိပညာပေးဟောပြောပွဲနှင့် သရုပ်ပြသပွဲများ ကျင်းပသည်။

အခမ်းအနားတွင်ပြည်သူများအား လုံခြုံပြည့်ဝစိတ်ချရသော မိခင်နို့နှင့် အာဟာရများအကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါအကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးအကြောင်း ဟောပြောပို့ချကြပြီး သူနာပြု ကျောင်းသား ကျောင်းသူများက ရှင်းလင်းသရုပ်ပြသကြကြောင်း သိရသည်။ **(၃၀၂)**

ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှ၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမြင့်ဦးနှင့်အဖွဲ့ ဇူလိုင် ၃၀ရက်က ပျော်ဘွယ်မြို့ အဓိကလမ်းမကြီး လမ်းဘေးဝဲယာ စကြံမျှား ပြုပြင် ဆောင်ရွက်မှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြေယာပြုပြင်

ဇူလိုင် ၂၄ရက်က မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးဇော်ဝင်းဦးစီး၍ အဖွဲ့ဝန်ထမ်းများဖြင့် မကွေးမြို့ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေးအတွက် မြေယာပြုပြင်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် လိုက်နာဆောင်ရွက်ရေးနှိုးဆော်

ယခုအခါ ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်များ စတင် ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်းလျှော်များ ရရှိစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်–

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ (၃–၄)ရက်အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး လေးပေရှိပြီး ဖြည်းညင်းစွာ စီးဆင်းနေသောရေတွင် တစ်လွှာချင်း ဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင် ပေါ်မနေစေရန် ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သောတုံးများ မသုံးစွဲဘဲ သစ်သားတုံး၊ ဝါး စသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တပတ် တစ်ပတ်အကြာမှစ၍ နေ့စဉ် လျှော်ဖောင်အား နူး/မနူး စမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင်အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ နည်းပညာနှင့် အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

တောင်ကြီး ဩဂုတ် ၄

၂၀၀၄ခုနှစ် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘောလုံး ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ အခမ်းအနားကို ဇူလိုင်၂၉ရက် ညနေ ၃နာရီ က တောင်ကြီးမြို့ ပြည်နယ်အားကစားပြိုင်ကွင်းတွင် ကျင်းပသည်။

ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရာ တပ်နယ် (ဟိုပုံး)အသင်းက စကခ(၇) (ဖယ်ခုံ) အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကျင်းပရာ တစ်ဦးချင်းဆု၊အကောင်းဆုံးဆုနှင့်အသန့်ရှင်းဆုံးဆုများကို ဒုတိယတိုင်းမှူးနှင့် တပ်နယ်မှူးတို့က ပေးအပ်ချီးမြှင့်ကြပြီး အနိုင်ရ ဗိုလ်စွဲသွားသော တပ်နယ်

(ဟိုပုံး) အသင်းအား အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်က တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

တာချီလိတ်မြို့ အထက ပညာရေး မိသားစု၏ (၁၆) ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၃၀ ရက်က သိင်္ဂီရွှေ စင် ခန်း မ၌ ကျင်းပရာ တောင်တန်း သာသနာပြု (ဗဟို)ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ရေဝတနှင့် သံဃာ တော်များကို ကျောင်းအုပ်ဆရာကြီးဦးတူးမောင်ဦးဆောင်၍ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (၄၂၀)

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းခုနှစ်ရက်တရားစခန်း

ပဲခူး ဩဂုတ် ၄

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူး ၁၀မိုင်ကုန်း မုံလယ်တောရဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းကို ဝါခေါင်လဆန်း၈ရက်မှ ၁၅ရက် (လပြည့်နေ့) (ဩဂုတ်၂၃ရက်မှဩဂုတ်၃၀ရက်)အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်ပါ၍ စခန်းဝင်လိုသူယောဂီများ ဩဂုတ်၂၂ ရက် ညနေအရောက် ကြွရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

ဗုဒ္ဓပူဇနီယပွဲနှင့် ရှင်သာမဏေ ၂၀၀ကျော် ရှင်ပြုပွဲကျင်းပ

ကျောက်ပန်းတောင်း ဩဂုတ် ၃

ကျောက်ပန်းတောင်းမြို့ စိတ္တပါလဂူကျောင်းတွင် (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် အဌမအကြိမ်မြောက် ရှင်သာမဏေ၂၀၀ကျော် ရှင်ပြုပွဲအခမ်းအနားကို ဇူလိုင်၃၁ရက်က ကျင်းပသည်။

အခမ်းအနားတွင် စိတ္တပါလဂူကျောင်း နာယကဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူကြပြီး ပင့်သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် အလှူဒါယကာ မိသားစုများက သာသနာရေး၊ ဘာသာရေးနှင့်လူမှုရေးအဖွဲ့အစည်းများကို အလှူငွေကျပ် ၂၅၈၀၀၀ ခွဲဝေလှူဒါန်းရာ သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နာယကဆရာတော်ကြီးထံမှ သာဓုအနုမောဒနာ တရားနာယူ၍ ရှင်အပါး ၂၀၀ကျော်နှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(ဝ၆၁)

အမြို့မြို့အနယ်နယ် သတင်းများ

မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင်၂၅ ရက်က မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ရွှေမြိုင်ခန်းမတွင် ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးစိုးသိန်း၏ ဇနီး ဒေါ်ကြည်ကြည်မာသန်းက ကျောင်းသားတစ်ဦးအား ထောက်ပံ့ငွေပေးအပ်စဉ်။

(၁၆၈)

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကုန်စိမ်းသားငါးဈေးရှိယာယီဈေးဝင်းအတွင်း ဆီသပြေအရိပ်ရပင်များစိုက်ပျိုးခြင်းကို ဇူလိုင်၈ရက်က ပဲခူးမြို့နယ် စည်ပင်သာယာရေးတာဝန်ခံဦးမြင့်လွင်၊ဒုဦးစီးမှူး(ဈေး) ဦးခိုင်လျှန်းထန်တို့ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ၊ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ဈေးအကျိုးတော်ဆောင်အဖွဲ့များ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

ကျုံပျော်မြို့ သာယာလှပရေး လုပ်ငန်းများကြည့်ရှုစစ်ဆေး

ကျုံပျော် ဇူလိုင် ၂၅

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည်ဇူလိုင် ၁၁ရက်က မြို့စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်မှုနှင့် ဈေးဦးပန်းခြံအတွင်း ပျိုးဥယျာဉ်၌ ပျိုးပင်များ ဆောင်ရွက်ထားရှိမှုတို့ကို ဧရာဝတီတိုင်း ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှဒုတိယညွှန်ကြားရေးမှူး ဦးမျိုးသိန်းကလှည့်လည်ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းအေးကရှင်းလင်းတင်ပြပြီးဒုတိယညွှန်ကြားရေးမှူးက လိုအပ်သည်များ အကြံပြုပြောကြားကြောင်း သိရသည်။ **(အောက်ပုံ) (မြို့နယ်စည်ပင်)**

ရေနုတ်မြောင်းတူးဖော်ရန် မြေတိုင်းတာမှုလုပ်ငန်းများဆောင်ရွက်

မောင်တော ဇူလိုင် ၂၀

မောင်တောမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာ လှပရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့်ရပ်ကွက်အတွင်းရှိ ရေနုတ်မြောင်းများစနစ်တကျတူးဖော်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဇူလိုင်၁၀ရက်နံနက်က မောင်တောမြို့ အမှတ်(၁) အလကကျောင်းရှေ့တွင် ရေနုတ်မြောင်း တူးဖော်ရန်တိုင်းတာမှုကို မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးနီအောင်နှင့် အမှုဆောင် အရာရှိ ဦးဘမြင့်တို့ ကြည့်ရှုစစ်ဆေးကြသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ဇူလိုင်၁၇ရက်က တောင်ငူမြို့ သန့်ရှင်းသာယာလှပရေးအတွက် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက ဗိုလ်မှူးဖိုးကွန်းလမ်းရှိ လမ်းလယ်ကျွန်းများတွင် စိုက်ပျိုးသော ပန်းအလှပင်များကို ပေါင်းသင် မြေဆွခြင်းနှင့်အမှိုက်များ သိမ်းဆည်းခြင်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် အင်ဂျင်နီယာမှူးဦးဌေးညွန့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)



သာယာဝတီခရိုင်ဥက္ကဋ္ဌဒိုင်း ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

သာယာဝတီ ဩဂုတ် ၄

သာယာဝတီခရိုင်ဥက္ကဋ္ဌ ဒိုင်းရှစ်မြို့နယ် အမျိုးသား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကိုဩဂုတ် ၁ရက်က သာယာဝတီခရိုင် အားကစားကွင်း၌ ကျင်းပရာ သာယာဝတီမြို့နယ် အသင်းကကြို့ပင်ကောက်မြို့နယ်အသင်းကို တစ်ဂိုး -ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ခင်ဝင်းက ပထမဆုရ သာယာဝတီမြို့နယ် အသင်းကို ငွေသားကျပ်တစ်သိန်းနှင့်တံခွန်စိုက် ဒိုင်းဆုနှင့် ဒုတိယဆုရ ကြို့ပင်ကောက် မြို့နယ်အသင်းကိုငွေသား ကျပ် ခုနစ်သောင်း ချီးမြှင့်သည်။

ဆုများ

ဆက်လက်၍ တစ်ဦးချင်းဆုများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းက လည်းကောင်း၊ နေရာအလိုက် အကောင်းဆုံးဆုများကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်တို့က လည်းကောင်း အသီးသီး ပေးအပ်ကြသည်။ **(ခရိုင်ပြန်/ဆက်)**